
# ပိဋကသုံးပုံ ပါဠိတော် မြန်မာပြန်

# စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ



## 🌻📖အုပ်စု(၁).ဝိနည်း ငါးကျမ်း📖

## ☸💐 ၄။စူဠဝါ ဘာသာ 💐☸

✍စာချကထိက-အရှင်သီလဝံသာလင်္ကာရ(ရေစကြို) စုစည်းပူဇော်သည်✍

ဗဟန်း.မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၁) ဝိနယပိဋက

# စူဠဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်၊ (၂၁. ၆. ၂၀၁၃) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ ✓တဇ္ဇနီယကံ ပြုထိုက်သော ရဟန်း၏ အင်္ဂါတို့တွင် တတိယမြောက် အင်္ဂါ (၃)ပါးနှင့် ပဋိသာရဏီယကံ ပြုထိုက်သော ရဟန်း၏ အင်္ဂါတို့တွင်လည်း ပထမအင်္ဂါ (၅)ပါးတို့ကို မမှားအောင် ဖော်ပြခဲ့ပါ။

၂။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပါရိဝါသိက ရဟန်းတို့အား ကြီးစဉ်ငယ်လိုက် ခွင့်ပြုအပ်သော အရာ (၅)ပါးနှင့် ပါရိဝါသိကရဟန်းတို့၏ ညဥ့်ပျက်ကြောင်း တရား (၃)ပါးကိုလည်း ဖြေဆိုပါ။

၃။ စာရေးတံမဲကို ယူစေတတ်သော ရဟန်း၏ အင်္ဂါ (၅)ပါးနှင့် တရားသော တဿပါပိယသိက ကံ၏ အင်္ဂါ (၅) ပါးတို့ကို မိမိလေ့လာထားသော သမထက္ခန္ဓက မှ ထုတ်နုတ်တင်ပြခဲ့ပါ။

၄။ အာပတ္တာဓိကရုဏ်း၌ ကုသိုလ် ရှိ/မရှိ ဆုံးဖြတ်ပြ၍၊ ငြင်းခုံခြင်းသာမည်၍ အဓိကရုဏ်းမမည်သော တရားတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၅။ သမ္ဗုခါဝိနယ၌ သမ္ဗုခါသရုပ်ကို ထုတ်ပြ၍၊ ရဟန်းတို့ဆောင်ထားနိုင်သော ဆံပင်၏ ပမာဏနှင့် အနာဟူသော အကြောင်းကြောင့် ရဟန်းတို့ မှန်ကြည့်ခြင်းသည် အပြစ် ဖြစ်/မဖြစ်ကိုလည်း ဆုံးဖြတ်ပြခဲ့ပါ။

၆။ သီချင်းဆိုသကဲ့သို့ အသံကို ရှည်စွာပြုလျက် တရားဟောနေသော ရဟန်း၏အပြစ် (၅)ပါးနှင့်၊ ရဟန်းတို့အား အပ်သော သပိတ်အမျိုးအစား (၂) မျိုးတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၇။ ရဟန်းတို့ လက်သည်းရှည် ထားသင့်/မထားသင့် ဆုံးဖြတ်၍၊ ဒန်ပူကို မခဲစားခြင်းကြောင့် (သွားမတိုက်ခြင်းကြောင့်)ဖြစ်သော အပြစ် (၅)ပါးကိုလည်း ခုဒ္ဒကက္ခန္ဓကမှ ထုတ်နုတ်တင်ပြခဲ့ပါ။

၈။ အရှင်ဒေဝဒတ်ကို အပါယ်ငရဲသို့ ဆွဲချသော မသူတော်တရား (၈)ပါးနှင့် ရဟန်းတို့ ကြီးစဉ်ငယ်လိုက် ခွင့်မပြုအပ်သော နေရာကိုလည်း ဝတ္တက္ခန္ဓကလာသည့်အတိုင်း ဖော်ပြခဲ့ပါ။

၉။ စုဒိတက ပုဂ္ဂိုလ်၌ တည်ရှိရမည့် တရား (၂)မျိုးနှင့် အရှင်အာနန္ဒာမထေရ်၏ ရဟန္တာဖြစ်ပုံကိုလည်း လူအများနားလည်အောင် ရေးသားပြခဲ့ပါ။

၁၀။ ဗြဟ္မဇာလသုတ္တန်ကို အဘယ်အရပ်၌ အဘယ်ပုဂ္ဂိုလ်တို့ကို အကြောင်းပြု၍ ဟောခဲ့သည်ကို ဖြေဆိုပြီး၊ ဒုတိယသင်္ဂါယနာတင်သော ကျောင်းနှင့် ဂုဏ်ပုဒ်တို့ကိုလည်း ဖြေဆိုခဲ့ပါ။

တစ်ပုဒ်စွာလျှင် (၁၀) မှတ်စီ

ရန်ကုန်တိုင်းဒေသကြီး

ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**စူဠဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေမှန်**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၃) ရက်၊ (၂၁. ၆. ၂၀၁၃) သောကြာနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

၁။ တတိယအင်္ဂါ (၃)ပါး

၁။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊

၂။ တရားတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း၊

၃။ သံဃာတော်၏ ကျေးဇူးမဲ့ကို ပြောဆိုခြင်း။ [ပါ၊၉။ မြန်၊၉။] (၄-မှတ်)

အင်္ဂါ (၅)ပါး

၁။ လူတို့အား လာဘ်မရအောင် လုံ့လပြုခြင်း၊

၂။ လူတို့အား အကျိုးမဲ့ဖြစ်အောင် လုံ့လပြုခြင်း၊

၃။ လူတို့အား နေရာမရအောင် လုံ့လပြုခြင်း၊

၄။ လူကို ဆဲရေးခြင်း ရေရွတ်ခြင်း၊

၅။ လူလူချင်း ကွဲပြားစေခြင်း။ [ပါ၊၄၂။ မြန်၊၄၀။] (၆-မှတ်)

၂။ အရာ (၅)ပါး

၁။ ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း ဥပုသ်ပြုခြင်း၊

၂။ ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း ပဝါရဏာပြုခြင်း၊

၃။ ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း မိုးရေခံသင်္ကန်း ခံယူခြင်း၊

၄။ ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း ဆွမ်းဝတ်စွန့်ခြင်း၊

၅။ ရဟန်းတို့အား သီတင်းကြီးစဉ်အတိုင်း သံဃဘတ် စသော ဘတ်ဖြစ်ခြင်း။ [ပါ၊၈၃။ မြန်၊၇၈။]

(၆-မှတ်)

ညဉ့်ပျက်ကြောင်း တရား (၃)ပါး

၁။ ကျောက်ကုန်းဆန့်လျက် အိပ်ခြင်းဟူသော အတူနေခြင်း၊

၂။ ပကတတ်ရဟန်းနှင့် ကင်းကွာ၍ နေခြင်း၊

၃။ ဝတ်မကြားခြင်း။ [ပါ၊၈၇။ မြန်၊၈၂။] (၄-မှတ်)

၃။ **အင်္ဂါ (၅)ပါး**

၁။ ဆန္ဒာဂတိသို့ မလိုက်ခြင်း၊

၂။ ဒေါသာဂတိသို့ မလိုက်ခြင်း၊

၃။ မောဟာဂတိသို့ မလိုက်ခြင်း၊

၄။ ဘယာဂတိသို့ မလိုက်ခြင်း၊

၅။ စာရေးတံမဲ ယူပြီး မယူပြီးကိုလည်း သိတတ်ခြင်း။ [ပါ၊၂၀၄။ မြန်၊၁၉၉-၂၀၀။] (၅-မှတ်)

**တဿပါပိယသိက ကံ အင်္ဂါ (၅)ပါး**

၁။ မစင်ကြယ်သော အကျင့်ရှိခြင်း၊

၂။ မရှက်တတ်ခြင်း၊

၃။ စွပ်စွဲခံရခြင်း၊

၄။ ထိုရဟန်းအား သံဃာက တဿပါပိယသိက ကံပြုခြင်း၊

၅။ တရားအတိုင်း ညီညွတ်သဖြင့် တဿပါပိယသိကကံ ပြုခြင်း။ [ပါ၊၂၀၆။ မြန်၊၂၀၂။] (၅-မှတ်)

၄။ **ကုသိုလ်အာပတ္တာဓိကရုဏ်း မရှိပါ။** [ပါ၊၂၁၇။ မြန်၊၂၁၃။] (၂-မှတ်)

၁။ အမိနှင့် သား ငြင်းခုံခြင်း၊ (မြန်မာပြန်၌ သားနှင့် အမိ ငြင်းခုံခြင်းမပါ။ ပါဠိတော်၌ကား ပါ၏။)

၂။ အဖနှင့် သား ငြင်းခုံခြင်း၊

၃။ သားနှင့် အဖ ငြင်းခုံခြင်း၊

၄။ ညီအစ်ကို အချင်းချင်း ငြင်းခုံခြင်း၊

၅။ မောင်နှင့် အစ်မ နှစ်မ ငြင်းခုံခြင်း၊

၆။ အစ်မ နှစ်မနှင့် မောင် ငြင်းခုံခြင်း၊

၇။ မိတ်ဆွေ အချင်းချင်း ငြင်းခုံခြင်း။ [ပါ၊၂၁၈။ မြန်၊၂၁၄။] (၈-မှတ်)

၅။ **သမ္မုခါဝိနယ သရုပ်ကား**

၁။ သံဃာ၏ မျက်မှောက်ဖြစ်ခြင်း သံဃသမ္မုခတာ၊

၂။ တရား၏မျက်မှောက်ဖြစ်ခြင်း ဓမ္မသမ္မုခတာ၊

၃။ ဝိနည်း၏မျက်မှောက်ဖြစ်ခြင်း ဝိနယသမ္မုခတာ၊

၄။ ပုဂ္ဂိုလ်၏မျက်မှောက်ဖြစ်ခြင်း ပုဂ္ဂလသမ္မုခတာ။ [ပါ၊၂၂၀။ မြန်၊၂၁၆။] (၅-မှတ်)

**ဆံပင်ပမာဏ**

၁။ ကာလအားဖြင့် နှစ်လရှိသော ဆံပင်၊

၂။ ပမာဏအားဖြင့် လက်နှစ်သစ်ရှိသော ဆံပင်၊ [ပါ၊၂၄၂။ မြန်၊၂၄၀။] (၃-မှတ်)

အနာပဟူသော အကြောင်းကြောင့် မှန်ကြည့်ခြင်းသည် အပြစ်မဖြစ်ပါ။ [ပါ၊၂၄၂။ မြန်၊၂၄၀။] (၂-မှတ်)

၆။ အပြစ် (၅)ပါး

၁။ ကိုယ်တိုင်လည်း ထိုအသံ၌ တပ်မက်ခြင်း

၂။ သူတပါးတို့သည်လည်း ထိုအသံ၌ တပ်မက်ကုန်ခြင်း

၃။ လူတို့ကလည်း ကဲ့ရဲ့ကုန်ခြင်း

၄။ အသံပြုပြင်မှုကို လိုလားသူအား သမာဓိပျက်စီးခြင်း

၅။ နောက် နှောင်းလူအပေါင်းကလည်း အတုလိုက်ခြင်း [ပါ၊၂၄၃။ မြန်၊၂၄၂။] (၇-မှတ်)

**သပိတ်အမျိုးအစား (၂)မျိုး**

၁။ သံသပိတ်

၂။ မြေသပိတ် [ပါ၊၂၄၈။ မြန်၊၂၄၇။] (၃-မှတ်)

၇။ ရဟန်းတို့ ရှည်လျားသော လက်သည်း မထားသင့်ပါ။ [ပါ၊၂၇၃။ မြန်၊၂၇၆။] (၂-မှတ်)

**ဒန်ပူမခဲစားခြင်းကြောင့် ဖြစ်သော အပြစ် (၅)ပါး**

၁။ မျက်စိ မကြည်လင်ခြင်း

၂။ ခံတွင်း အနံ့မကောင်းခြင်း

၃။ အရသာ ကြောတို့ မစင်ကြယ်ကုန်ခြင်း

၄။ သည်းခြေ သလိပ်တို့က ထမင်းကို မြေးရှက်ကုန်ခြင်း

၅။ ထိုသူသည် ထမင်း မမြိန်ခြင်း [ပါ၊၂၈၇။ မြန်၊၂၈၂။] (၈-မှတ်)

၈။ တရား (၈)ပါး

၁။ ရဟန်းတို့ လာဘ်ရခြင်း

၂။ ရဟန်းတို့ လာဘ်မရခြင်း

၃။ ရဟန်းတို့ ကျော်စောခြင်း

၄။ ရဟန်းတို့ မကျော်စောခြင်း

၅။ ရဟန်းတို့ ကောင်းစွာပြုစုခြင်း

၆။ ရဟန်းတို့ ကောင်းစွာ မပြုစုခြင်း

၇။ ရဟန်းတို့ အလိုဆိုးရှိခြင်း

၈။ ရဟန်းတို့ မိတ်ဆွေယုတ်ရှိခြင်းသည် နှိပ်စက်လွှမ်းမိုးသော စိတ်ရှိခြင်း [ပါ၊၃၆၅။ မြန်၊၃၇၁။] (၈-မှတ်)

ကျင်ကြီးအိမ်၌ သီတင်းကြီးငယ် အစဉ်အတိုင်း ခွင့်မပြု [ပါ၊၃၉၁။ မြန်၊၃၉၅။] (၂-မှတ်)

၉။ **စုဒိတက ပုဂ္ဂိုလ်၌ တည်ရှိရမည့် တရား (၂)ပါး**

၁။ အမှန်ပြောခြင်း၊

၂။ အမျက်မထွက်ခြင်း။ [ပါ၊၄၃၉။ မြန်၊၄၄၀။] (၃-မှတ်)

**ရဟန္တာဖြစ်ပုံ**

အရှင်အာနန္ဒာသည် နက်ဖြန် အစည်းအဝေးတည်း၊ ငါသည် သေက္ခဖြစ်လျက် အစည်းအဝေးသို့ သွားခြင်းသည် မသင့်လျော်ဟု များစွာသော ညည့်ပတ်လုံးသာလျှင် ကာယဂတာသတိဖြင့် လွန်စေ၍ ညဉ့်မိုးသောက်ယာမ်၌ လျောင်းအံ့ဟု ကိုယ်ကို လှည့်၏၊ ဦးခေါင်းသည် ခေါင်းအုံးသို့ မရောက်မီ ခြေတို့သည် မြေမှ လွတ်သွားစဉ် ဤအကြား၌ စိတ်သည် မစွဲလမ်းဘဲ အာသဝေါတရားတို့မှ လွတ်လေ၏။
[ပါ၊၄၈၂။ မြန်၊၄၈၃။] (၇-မှတ်)

၁၀။ ပြဟ္မဇာလသုတ္တန်ကို ရာဇဂြိုဟ်ပြည်နှင့် နာဠန္ဒမြို့ (၁-မှတ်) အကြား အမ္ဗလဋ္ဌိကသရက်ဥယျာဉ် မင်းကွန်း၌ (၂-မှတ်) သုပ္ပိယပရိဗိုဇ် (၁-မှတ်)နှင့် ဗြဟ္မဒတ္တလုလင် (၁-မှတ်) တို့ကို အကြောင်းပြု၍ ဟောတော်မူပါသည်။ [ပါ၊၄၈၃။ မြန်၊၄၈၅။]

**ဒုတိယသင်္ဂါယနာတင်သောကျောင်း**

ဝါလိကာရုံကျောင်း (၂-မှတ်)

**ဂုဏ်ပုဒ်**

၁။ မွေ့လျော်ဖွယ်ရှိခြင်း၊

၂။ အသံနည်းခြင်း၊

၃။ မြို့ရွာတွန်သံ နည်းခြင်း။ [ပါ၊၅၀၅။ မြန်၊၅၁၀။] (၃-မှတ်)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## စူဠဝဂ္ဂ ပါဠိတော် မြန်မာပြန်

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၄) ရက်၊ (၁. ၆. ၂၀၁၄) တနင်္ဂနွေနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••••••••••••••••••••

## မေးခွန်းနှင့် အဖြေ

၁။ သာသနာညှိုးနွမ်းစပြုနေသော ကီဋာဂီရိဒေသ၌ ရဟန်းကောင်းများအပေါ် ဒကာ ဒကာမများ အမြင်မှားပုံကို ဖော်ပြ၍၊ အရိဋ္ဌရဟန်း၏ အတွေးအခေါ် လွဲချော်ပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ လူတို့သည် ထိုရဟန်း ကို မြင်၍ "ထုံထိုင်းထိုင်း နုန့်နဲ့နဲ့ ဒေါသထွက်သကဲ့သို့ မျက်မှောင်ကုတ်၍သွားသော ဤသူကား အသူနည်း၊ ချဉ်းကပ်သော ဤသူအား အဘယ်သူသည် ဆွမ်းကို လှူလတ္တံ့နည်း၊ ငါတို့၏ အသျှင်အသဇ္ဇိ ပုနဗ္ဗသုကတို့သည်ကား သိမ်မွေ့ကုန်၏၊ ပြေပြစ်ကုန်၏၊ နူတ်ချိုကုန်၏၊ ပြုံးခြင်းလျှင် ရှေးသွားရှိကုန်၏၊ 'ကြွပါ ကြွပါ'ဟု ဖော်ရွေစွာ ကြိုဆိုလေ့ရှိကုန်၏၊ ချိုသာကြည်လင် ပေါ်လွင်သော မျက်နှာရှိကုန်၏၊ ဦးစွာ ဆိုလေ့ရှိကုန်၏၊ ထိုအသျှင်တို့အားသာလျှင် ဆွမ်းကို လှူသင့်ပေ၏"ဟု ပြောဆိုကြကုန်၏။
(၆-မှတ်)(မြန်၊၂၂။)

"(စျာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (စျာန် မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှာ မစွမ်းနိုင်"ဟု ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်၏။
(၄-မှတ်)(မြန်၊၆၃။)

## မေးခွန်းနှင့် အဖြေ

၂။ မာနတ်ကျင့်သော ရဟန်း၏ ညဥ့်ပျက်ကြောင်းတို့ကို ဖော်ပြ၍ "သံသရာမှာ တဏှာကျွန်ခံခဲ့သမျှ ဒီဘဝမှာဖြင့် သံဃာ့ကျွန်ခံမည်"ဟု အရှင်ဒဗ္ဗ၏ စဥ်းစားပုံကို အတုယူဖွယ် ရေးသားပြခဲ့ပါ။

ဖြေ။ ဥပါလိ မာနတ်ကျင့်ဆဲ ရဟန်းအား ညဥ့်ပြတ်ခြင်းတို့သည် လေးမျိုးတို့တည်း။ ပကတတ်ရဟန်းနှင့် အတူနေခြင်း၊ ပကတတ်ရဟန်းနှင့် ကင်း၍ နေခြင်း၊ မာနတ်ကို မကြားခြင်း၊ ယုတ်လျော့သော 'သံဃာ မပြည့်သော' ဂိုဏ်း၌ မာနတ်ကြားသဖြင့် ကျင့်ခြင်း။ ဥပါလိ မာနတ်ကျင့်ဆဲ ရဟန်းအား ညဥ့်ပြတ်ခြင်းတို့သည် ဤလေးမျိုးတို့တည်း။
(၄-မှတ်)(မြန်၊၉၃။)

ထိုအခါ ဆိတ်ငြိမ်ရာသို့ ကပ်၍ (တစ်ပါးတည်း) ကိန်းအောင်းနေစဉ် အသျှင်ဒဗ္ဗအား "ဖွားမြင်သည် မှ ခုနစ်နှစ်မျှသာ ရှိသေးသော ငါသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ (ငါသည်) တပည့်သာဝကတို့ ရောက် သင့်ရောက်ထိုက်သော အလုံးစုံသော တရားသို့ အစဥ်ရောက်ခဲ့ပြီ၊ ငါ့အား တစ်စုံတစ်ရာသော ရဟန်းကိစ္စ နောက်ထပ် ပြုဖွယ်မရှိတော့ပြီ၊ ပြုအပ်ပြီး (သော တရား) ကိုလည်း ထပ်၍ ပွါးများဖွယ်မရှိ တော့ပြီ၊ ငါသည် သံဃာတော်၏ အဘယ်မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း"ဟု စိတ်အကြံ ဖြစ်ပေါ်၏။
(၆-မှတ်)(မြန်၊၁၈၅။)

## မေးခွန်းနှင့် အဖြေ

၃။ ဂီတသံနှော၍ တရားဟောသော ရဟန်း ရရှိနိုင်သော အပြစ်တို့ကို ဖော်ပြ၍၊ မြွေအန္တရာယ်ကင်းဝေးစေရန် မေတ္တာပို့ရမည့် မြွေမင်းလေးမျိုးကိုလည်း အတိအကျ ထုတ်ပြခဲ့ပါ။

ဖြေ။ "ရဟန်းတို့ ရှည်သော သီချင်းသံဖြင့် တရားကို သီဆိုသော ပုဂ္ဂိုလ်၏ အပြစ်တို့သည် ဤငါးမျိုးတို့တည်း။

(၁) ကိုယ်တိုင်လည်း ထိုအသံ၌ တပ်မက်၏။

(၂) သူတစ်ပါးတို့သည်လည်း ထိုအသံ၌ တပ်မက်ကုန်၏။

(၃) လူတို့ကလည်း ကဲ့ရဲ့ကုန်၏။

(၄) အသံပြုပြင်မှုကို လိုလားသူအား သမာဓိပျက်စီး၏။

(၅) နောက် နောင်းလူအပေါင်းကလည်း အတုလိုက်၏။ (၅-မှတ်)(မြန်၊၂၄၂။)

လေးမျိုးသော မြွေမင်းတို့ကား အဘယ်တို့နည်း၊ ဝိရူပက္ခမြွေမင်းမျိုး၊ ဧရာပထမြွေမင်းမျိုး၊ ဆဗျာ ပုတ္တာမြွေမင်းမျိုး၊ ကဏှာဂေါတမမြွေမင်းမျိုးတည်း။ (၅-မှတ်)(မြန်၊၂၄၃။)

## မေးခွန်းနှင့် အဖြေ

၄။ ကျန်းမာရေးကောင်းဖို့အတွက် လမ်းလျှောက်ရန် ကျန်းမာရေးစာဆောင်များတွင် တိုက်တွန်းချက်များကို တွေ့ရှိနေရရာ ဘုရားရှင်ကိုယ်တော်တိုင် လမ်းလျှောက်ရန် ခွင့်ပြုတော်မူခြင်း၏ သမိုင်းကြောင်းကို လေ့လာတင်ပြ၍၊ လမ်းလျှောက်ရန် စောင်းတန်းသုံးမျိုးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ထိုအခါ ဝေသာလီပြည်၌ မွန်မြတ်သော ဆွမ်းကျွေးအစဉ်သည် မပြတ်တည်၏။ ရဟန်းတို့သည် မွန်မြတ်သော ဆွမ်းတို့ကို သုံးဆောင်ကြသောကြောင့် သလိပ်သည်းခြေ ပြောသော ကိုယ်ရှိကုန်၏။ အနာများကုန်၏။ ထိုအခါ အဘယမင်းသား မွေးစားသော ဇီဝကသည် တစ်စုံတစ်ခုသော ကိစ္စဖြင့် ဝေသာလီပြည်သို့ သွား၏။ အဘယမင်းသား မွေးစားသော ဇီဝကသည် သလိပ်သည်းခြေ ပြောသော ကိုယ်ရှိကုန်သော များသော အနာရှိကုန်သော ရဟန်းတို့ကို မြင်၍ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုး၍ တစ်ခုသော နေရာ၌ ထိုင်ပြီးသော် "အသျှင်ဘုရား ရဟန်းတို့သည် ယခုအခါ၌ သလိပ်သည်းခြေ ပြောသော ကိုယ်ရှိကုန်၏။ များသော အနာရှိကုန်၏။ အသျှင်ဘုရား တောင်းပန်ပါ၏၊ မြတ်စွာဘုရားသည် ရဟန်းတို့အား စင်္ကြံသွားခြင်းကို လည်းကောင်း၊ ဇရုံးအိမ်ကိုလည်းကောင်း ခွင့်ပြုတော်မူပါ၊ ဤသို့ ခွင့်ပြုလျှင် ရဟန်းတို့သည် အနာရောဂါ နည်းပါးပါကုန်လတ္တံ့."ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် အဘယမင်းသား မွေးစားသော ဇီဝကကို တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန်ရွှင်လန်းစေတော်မူ၏။

ထိုအခါ အဘယမင်းသား မွေးစားသော ဇီဝကသည် မြတ်စွာဘုရားက တရားစကားဖြင့် (အကျိုးစီးပွါးကို) သိမြင်စေလျက် (တရားကို) ဆောက်တည်စေကာ (တရားကျင့်သုံးရန်) ထက်သန် ရွှင်လန်းစေပြီး ဖြစ်ရကား မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် နေရာမှ ထ၍ အရိုအသေပြုကာ ဖဲသွားလေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို "ရဟန်းတို့ စင်္ကြံသွားခြင်းကိုလည်းကောင်း၊ ဇရုံးအိမ်ကိုလည်းကောင်း ခွင့်ပြု၏"ဟု (မိန့်တော်မူ၏)။

(၇-မှတ်)(မြန်၊၂၅၆။)

ရဟန်းတို့ အုတ်စီခြင်း၊ ကျောက်စီခြင်း၊ သစ်သားစီခြင်းဟူသော စီခြင်းသုံးမျိုးတို့ကို စီစိမ့်သောငှါ ခွင့်ပြု၏။

(၃-မှတ်)(မြန်၊၂၅၈။)

## မေးခွန်းနှင့် အဖြေ

၅။ “ကျောင်းလှူအစ ရာဇဂြိုဟ်သူဌေးက”ဟု ပြောဆိုကြရာ ကျောင်းခွင့်ပြုတော်မူရခြင်း၏ အကြောင်းကို ကြည်ညိုဖွယ်ဖြစ်အောင် ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်သော ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့အား ကျောင်းကို ပညတ်တော်မမူရသေး။

ရဟန်းတို့သည်လည်း တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်ခေါင်း၊ သင်းချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံဟူသော ထိုထို အရပ်၌ နေကြကုန်၏။ ထိုရဟန်းတို့သည် နံနက် စောစောကပင်လျှင် ထိုထို နေထိုင်ရာ အရပ်တို့မှ ကြည်ညိုဖွယ်ရှိသော ရှေးသို့တက်ခြင်း နောက်သို့ ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်းကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် မျက်လွှာချလျက် ဣရိယာပုထ်နှင့် ပြည့်စုံစွာ ထွက်လာကြကုန်၏။

ထိုအခါ နံနက်စောစောကပင် ဉယျာဉ်သို့ သွားသော ရာဇဂြိုဟ်သူဌေးသည် တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်ခေါင်း၊ သင်းချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံဟူသော ထိုထို အရပ်တို့မှ ကြည်ညိုဖွယ်ရှိသော ရှေးသို့တက်ခြင်း နောက်သို့ဆုတ်ခြင်း တူရူကြည့်ခြင်း တစောင်း ကြည့်ခြင်း ကွေးခြင်း ဆန့်ခြင်းဖြင့် မျက်လွှာချလျက် ဣရိယာပုထ်နှင့် ပြည့်စုံစွာ နံနက်စောစောကပင် ထွက်လာသော ရဟန်းတို့ကိုမြင်၍ ရာဇဂြိုဟ်သူဌေး၏ စိတ်သည် ကြည်လင်၏။ ထိုအခါ ရာဇဂြိုဟ် သူဌေးသည် ထိုရဟန်းတို့ထံသို့ ချဉ်းကပ်၍ ထိုရဟန်းတို့အား-

“အသျှင်ဘုရားတို့ အကျွန်ုပ်သည် ကျောင်းတို့ကို အကယ်၍ ဆောက်လုပ်စေမူ အကျွန်ုပ်၏ ကျောင်းတို့၌ နေကုန်အံ့လော”ဟု လျှောက်၏။

“ဒါယကာ မြတ်စွာဘုရားသည် ကျောင်းတို့ကို ခွင့်ပြုတော်မမူရသေး”ဟု (ဆိုကြကုန်၏)။

အသျှင်ဘုရားတို့ သို့ဖြစ်လျှင် မြတ်စွာဘုရားကို မေးလျှောက်၍ အကျွန်ုပ်အား ပြောကြပါဟု (လျှောက်၏)။

“ဒါယကာ ကောင်းပြီ”ဟု ထိုရဟန်းတို့သည် ရာဇဂြိုဟ်သူဌေးအား ဝန်ခံပြီးလျှင် မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ရှိခိုးပြီးလျှင် တစ်ခုသော နေရာ၌ ထိုင်ကုန်လျက် “အသျှင်ဘုရား ရာဇဂြိုဟ်သူဌေးသည် ကျောင်းတို့ကို ဆောက်စေ လိုပါ၏၊ အဘယ်သို့ ပြုရပါမည်နည်း အသျှင်ဘုရား”ဟု (လျှောက်ကြကုန်၏)။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကြောင့် တရားစကားကို ဟောတော်မူ၍ ရဟန်းတို့ကို-

“ရဟန်းတို့ နှစ်ဖက်မိုးကျောင်းကိုလည်းကောင်း၊ တစ်ဖက်မိုးကျောင်းကိုလည်းကောင်း၊ ပြာသာဒ် ရှည်ကို လည်းကောင်း၊ ပြာသာဒ်ဦးပြည်းကိုလည်းကောင်း၊ ဂူကိုလည်းကောင်း (ဤ) ငါးပါးသော နေရာကျောင်းတို့ကို ခွင့်ပြု၏”ဟု (မိန့်တော်မူ၏)။ (၁၀-မှတ်)(မြန်၊၂၉၅။)

## မေးခွန်းနှင့် အဖြေ

၆။ သာသနာ့သမိုင်းတွင် နာမည်ဆိုးဖြင့် ကျော်ကြားသော ဆဗ္ဗဂ္ဂီရဟန်းခြောက်ပါးတို့၏ အမည်များကို တိကျစွာ ဖော်ပြ၍၊ "စီမံခန့်ခွဲမှုပညာ အရေးကြီးသည်"ဟု ပြောဆိုနေကြရာ သာမဏေတို့အား စီစဉ်ညွှန်ကြား စီမံခန့်ခွဲနိုင်သော ရဟန်း၏ အရည်အချင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ အင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းကို သာမဏေကို ခိုင်းစေသော ရဟန်းဟု သမုတ်ရန် ခွင့်ပြု၏။
ထိုရဟန်းသည် ဆန္ဒာဂတိသို့လည်း မလိုက်ရာ။
ဒေါသာဂတိသို့လည်း မလိုက်ရာ။
မောဟာဂတိသို့လည်း မလိုက်ရာ။
ဘယာဂတိသို့လည်း မလိုက်ရာ။
ခိုင်းစေပြီး မခိုင်းစေသေးသည်ကိုလည်း သိရာ၏။ (၅-မှတ်)(မြန်၊၃၃၆။)

**ရဟန်းခြောက်ပါး**

အဿဇိ-ပုနဗ္ဗသုက
မေတ္တိယ-ဘူမဇက
ပဏ္ဍုက-လောဟိတက (၅-မှတ်)

## မေးခွန်းနှင့် အဖြေ

၇။ မိမိရရှိလာသော ပစ္စည်းလာဘ်လာဘများကို အသုံးမပြုတတ်ပါက အန္တရာယ်ဖြစ်နိုင်ပုံကို ဥပမာများနှင့် ဝေဝေဆာဆာ တင်ပြ၍၊ နာဠာဂီရိဆင်ကို ဘုရားရှင်က ဆုံးမတော်မူအပြီး ယဉ်ကျေးသွားပုံကို ကြည့်ကာ လူတို့ သီဆိုကြသော ဓမ္မကဗျာကိုလည်း ရေးပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ ဥပမာသော်ကား ငှက်ပျောပင်သည် မိမိကိုယ်ကို သတ်ခြင်းငှါ အသီးသီးသကဲ့သို့ ပျက်စီးခြင်းငှါ အသီးသီးသကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။

ရဟန်းတို့ ဥပမာတစ်နည်းသော်ကား ဝါးပင်သည် မိမိကိုယ်ကို သတ်ခြင်းငှာ အသီးသီးသကဲ့သို့ ပျက်စီးခြင်းငှါ အသီးသီးသကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။

ရဟန်းတို့ ဥပမာတစ်နည်းသော်ကား ကျူပင်သည် မိမိကိုယ်ကို သတ်ခြင်းငှါ အသီးသီးသကဲ့သို့ ပျက်စီးခြင်းငှါ အသီးသီးသကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှါ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည့်ဖြစ်လာ၏။

ရဟန်းတို့ ဥပမာတစ်နည်းသော်ကား အဿတိုရ်မြင်းမသည် မိမိကိုယ်ကို သတ်ခြင်းငှာ ကိုယ်ဝန်ဆောင်သကဲ့သို့ ပျက်စီးခြင်းငှါ ကိုယ်ဝန်ဆောင်သကဲ့သို့ ဤနည်းအတူပင် မိမိကိုယ်ကို သတ်ခြင်းငှာ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏၊ ပျက်စီးခြင်းငှာ ဒေဝဒတ်အား လာဘ်သပ်ပကာ ကျော်စောမှုသည် ဖြစ်လာ၏။ (၆-မှတ်)(မြန်၊၃၅၁။)

ထိုအခါ လူတို့သည် - "အချို့သော သူတို့သည် လှံတံဖြင့်လည်းကောင်း၊ ချွန်းတို့ဖြင့်လည်းကောင်း၊ ကြိမ်လုံးတို့ဖြင့်လည်းကောင်း ဆုံးမကုန်၏၊ မြတ်စွာဘုရားသည် လှံတံမပါဘဲ လက်နက်မပါဘဲ ဆင်ကို ဆုံးမတော်မူ၏"ဟု ဂါထာဖြင့် သီဆိုကြကုန်၏။ (၄-မှတ်)(မြန်၊၃၆၃။)

## မေးခွန်းနှင့် အဖြေ

၈။ "ဘွဲ့ရဖို့ အရေးမကြီးဘူး၊ အလိုက်သိဖို့ပဲ အရေးကြီးတယ်" ဟု ယခုခေတ် ပြောဆိုနေကြရာ အလိုက်သိသော အာဂန္တုရဟန်းတစ်ပါး ဖြစ်ဖို့အတွက် လိုက်နာရမည့် ကျင့်ဝတ်တို့ကို စွမ်းနိုင်သမျှ ထုတ်နုတ် ရေးသားပြခဲ့ပါ။

ဖြေ။ ရဟန်းတို့ အာဂန္တုရဟန်းသည် "ယခု အရံတွင်းသို့ ဝင်အံ့"ဟု ဖိနပ်ကို ချွတ်၍ နှိမ့်လျက် ခါပြီးလျှင် ယူ၍လည်းကောင်း၊ ထီးကို ပိတ်၍လည်းကောင်း၊ ဦးခေါင်းခြုံကို ဖွင့်၍လည်းကောင်း၊ သင်္ကန်းကို ပခုံး၌ တင်၍ လည်းကောင်း မနှေးမလျင် အရံတွင်းသို့ ကောင်းစွာ ဝင်ရမည်။

အရံတွင်းသို့ ဝင်သော ရဟန်းသည် "ကျောင်းနေ ရဟန်းတို့သည် အဘယ်အရပ်၌ နေကုန်သနည်း"ဟု ကောင်းစွာ မှတ်သားရမည်၊ ကျောင်းနေရဟန်းတို့သည် စည်းဝေးရာ ဇရပ်၌ဖြစ်စေ မဏ္ဍပ်၌ ဖြစ်စေ သစ်ပင်ရင်း၌ဖြစ်စေ နေကုန်အံ့၊ ထိုအရပ်သို့ သွား၍ သင့်လျော်ရာ၌ သပိတ်ကို ထားရမည်၊ သင့်လျော်ရာ၌ သင်္ကန်းကို ထားရမည်၊ လျောက်ပတ်သော နေရာကို ယူ၍ ထိုင်ရမည်၊ "အဘယ်သည်သောက်ရေနည်း အဘယ်သည် သုံးရေနည်း"ဟု သောက်ရေကို သုံးဆောင်ရေကို မေးရမည်၊ သောက်ရေကို အလိုရှိမူသောက်ရေကို ယူ၍သောက်ရမည်၊ သုံးရေကို အလိုရှိမူ သုံးရေကို ယူ၍ ခြေဆေးရမည်။

ခြေဆေးသော ရဟန်းသည် လက်တစ်ဖက်ဖြင့် ရေလောင်းရမည်၊ လက်တစ်ဖက်ဖြင့် ခြေဆေးရမည်၊ ထိုလက်ဖြင့်ပင် ရေကို မလောင်းအပ်၊ ထိုလက်ဖြင့်ပင် ခြေတို့ကို မဆေးအပ်။

ဖိနပ်သုတ် အဝတ်ကြမ်းကို မေး၍ ဖိနပ်တို့ကို သုတ်ရမည်၊ ဖိနပ်တို့ကို သုတ်သော ရဟန်းသည် ရှေးဦးစွာ ခြောက်သော အဝတ်ကြမ်းဖြင့် သုတ်ရမည်၊ နောက်မှ စိုသော အဝတ်ကြမ်းဖြင့် သုတ်ရမည်၊ ဖိနပ်သုတ် အဝတ်ကြမ်းကို လျှော်၍ သင့်ရာ၌ ဖြန့်ထားရမည်။

ကျောင်းနေရဟန်းက သီတင်းကြီးဖြစ်မူ ရှိခိုးရမည်၊ သီတင်းငယ်ဖြစ်မူ ရှိခိုးခံရမည်၊ "အကျွန်ုပ်အတွက် အဘယ်ကျောင်း အိပ်ရာနေရာသည် ရောက်ပါသနည်း"ဟု ကျောင်း အိပ်ရာ နေရာကို မေးရမည်၊ နေဖူးသည်ကို လည်းကောင်း၊ မနေဖူးသည်ကိုလည်းကောင်း မေးရမည်၊ ဆွမ်းခံရွာကို မေးရမည်၊ ဆွမ်းခံရွာ မဟုတ်သည်ကို မေးရမည်၊ သေက္ခဟု သမုတ်အပ်ကုန်သော ဒါယကာတို့ကို မေးရမည်၊ ကျင်ကြီးစွန့်ရာ ဌာနကို မေးရမည်၊ ကျင်ငယ် စွန့်ရာဌာနကို မေးရမည်၊ သောက်ရေကို မေးရမည်၊ သုံးရေကို မေးရမည်၊ တောင်ဝှေးကို မေးရမည်၊ "အဘယ်အချိန်၌ ဝင်ရမည်၊ အဘယ်အချိန်၌ ထွက်ရမည်"ဟု သံဃာ၏ ကတိကဝတ်ကို မေးရမည်။

မနေဖူးသေးသော ကျောင်းဖြစ်မူ တံခါးရွက်ကို ခေါက်ပြီးလျှင် တစ်မုဟုတ်မျှဆိုင်းငံ့ကာ မင်းတုပ်ကြီးကို ပြုတ်လျက် တံခါးရွက်ကို တွန်း၍ အပြင်၌ ရပ်လျက် ကြည့်ရမည်၊ ကျောင်းသည် အမှိုက်ရှိသော်လည်းကောင်း၊ ညောင်စောင်း၌ ညောင်စောင်းကို တင်ထားသော်လည်းကောင်း၊ အင်းပျဉ်၌ အင်းပျဉ်ကို တင်ထားသော်လည်း ကောင်း၊ ကျောင်းသည် အထက်၌ အမှိုက်အစုပြွမ်းသော်လည်းကောင်း စွမ်းနိုင်မူ သုတ်သင်ရမည်။

ကျောင်းကို သုတ်သင်သော ရဟန်းသည် ရှေ့ဦးစွာ မြေအခင်းကို ထုတ်၍ သင့်ရာ၌ ထားရမည်၊ ညောင်စောင်း အခြေခံတို့ကို ထုတ်၍ သင့်ရာ၌ ထားရမည်၊ ဘုံလျှို ခေါင်းအုံးကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်၊ နိသီဒိုင် အိပ်ရာအခင်းကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်။

ညောင်စောင်းကို ရှိရှိသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကို မထိခိုက်စေဘဲ ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အင်းပျဉ်ကို ရှိရှိသေသေပြု၍ ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကို မထိခိုက်စေသဖြင့် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ ထွေးခံကို ထုတ်ဆောင်၍ သင့်ရာ အရပ်၌ ထားရမည်၊ မှီရာတံကဲပြင်ကို ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ မြေအခင်းကို ခင်းမြဲ အတိုင်း နေရာမှတ်လျက် ထုတ်ဆောင်၍ သင့်ရာအရပ်၌ ထားရမည်၊ အကယ်၍ ကျောင်း၌ ပိုးအိမ် ပင့်ကူ မျှင်ရှိအံ့ ဗိတာန် မျက်နှာကြက်မှ စ၍ ပယ်ရှားအပ်၏၊ လေသွန်တံခါး တိုက်လေးထောင့်တို့ကို သုံးသပ် ပွတ်တိုက်ရမည်။

ဝွေ့နီဖြင့် အပြေအပြစ်ပြုထားသော နံရံသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ မည်းသော အဆင်းဖြင့် အပြေအပြစ်ပြုထားသော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်၊ အပြေအပြစ်မပြုသော မြေဖြစ်အံ့၊ ရေဖြန်း၍ "ကျောင်းကို မြူမတက် စေလင့်"ဟု (နှလုံးထား၍) တံမြက်လှည်းရမည်၊ တံမြက်ချေးကို စုရုံး၍ သင့်ရာအရပ်၌ စွန့်ပစ်ရမည်၊ မြေအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တစ်ဖန် ပြန်ခင်းထားရမည်၊ ညောင်စောင်းခြေတို့ကို နေလှန်း သုတ်သင်ပြီးလျှင် ထားမြဲအတိုင်းနေရာ၌ တစ်ဖန် ပြန်ထားရမည်။

ညောင်စောင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကို မထိခိုက်စေဘဲ ခင်းထားမြဲအတိုင်း တစ်ဖန် ပြန်ခင်းထားရမည်၊ အင်းပျဉ်ကို နေလှန်း သုတ်သင်ပြီးလျှင် ခါ၍ ရှိရှိသေသေပြုလျက် ကောင်းမွန်စွာ တံခါးရွက် တံခါးပေါင်တို့ကို မထိခိုက်စေဘဲ ခင်းထားမြဲအတိုင်း တစ်ဖန် ပြန်ခင်းထားရမည်၊

ဘုံလျှို ခေါင်းအုံးကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တစ်ဖန် ပြန်ခင်းထားရမည်၊ နိသီဒိုင် အိပ်ရာအခင်းကို နေလှန်းသုတ်သင်ပြီးလျှင် ခါ၍ ခင်းထားမြဲအတိုင်း တစ်ဖန် ပြန်ခင်းထားရမည်။

ထွေးခံကို နေလှန်းပွတ်တိုက်၍ ထားမြဲအတိုင်းနေရာ၌ တစ်ဖန် ပြန်ထားရမည်၊ မှီရာတံကဲပြင်ကို နေလှန်းပွတ်တိုက်၍ ထားမြဲအတိုင်းနေရာ၌ တစ်ဖန် ပြန်ထားရမည်။

သပိတ်သင်္ကန်းကို ထားရမည်၊ သပိတ်ကို ထားလိုသော ရဟန်းသည် လက်တစ်ဖက်ဖြင့် သပိတ်ကို ကိုင်၍ လက်တစ်ဖက်ဖြင့် ညောင်စောင်းအောက်ကိုလည်းကောင်း၊ အင်းပျဉ်အောက်ကိုလည်းကောင်း သုံးသပ်၍ သပိတ်ကို ထားရမည်၊ အခင်းမရှိသော မြေ၌ သပိတ်ကို မထားရ၊ သင်္ကန်းကို ထားလိုသော ရဟန်းသည် လက်တစ်ဖက်ဖြင့် သကန်းကို ကိုင်၍ လက်တစ်ဖက်ဖြင့် သင်္ကန်းတန်း သင်္ကန်းကြိုးကို ပွတ်တိုက်၍ ထိုမှာဘက်က အစွန်းကို ဤမှာဘက်မှ အခွေပြုလျက် သင်္ကန်းကို ထားရမည်၊ အရှေ့အရပ်မှ မြူနှင့်တကွသော လေတို့သည် အကယ်၍ လာကုန်အံ့၊ အရှေ့မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ အနောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် အကယ်၍ လာကုန်အံ့၊ အနောက်မျက်နှာရှိ လေသွန်တံခါး တို့ကို ပိတ်ရမည်၊ မြောက်အရပ်မှ မြူနှင့်တကွသော လေတို့သည် အကယ်၍ လာကုန်အံ့၊ မြောက်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ တောင်အရပ်မှ မြူနှင့်တကွသော လေတို့သည် အကယ်၍ လာကုန်အံ့၊ တောင်မျက်နှာ လေသွန်တံခါးတို့ကို ပိတ်ရမည်၊ အေးသောအခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ကို ဖွင့်ရမည်၊ ညဉ့်အခါ၌ ပိတ်ရမည်၊ ပူအိုက်သော အခါဖြစ်မူ နေ့အခါ၌ လေသွန်တံခါးတို့ ပိတ်ထား၍ ညဉ့်အခါ၌ ဖွင့်ထားရမည်။

ပရိဝုဏ်သည် အမှိုက်ရှိသည်ဖြစ်အံ့၊ ပရိဝုဏ်ကို တံမြက်လှည်းရမည်၊ တံခါးမုခ် ရေချိုးအုံသည် အမှိုက်ရှိသည် ဖြစ်အံ့၊ တံခါးမုခ်ကို တံမြက်လှည်းရမည်။

စည်းဝေးရာဇရပ်သည် အကယ်၍ အမှိုက်ရှိသည် ဖြစ်အံ့၊ စည်းဝေးရာဇရပ်ကို တံမြက်လှည်းရမည်၊ မီးတင်းကုပ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ မီးတင်းကုပ်ကို တံမြက်လှည်းရမည်၊ ကျင်ကြီးအိမ်သည် အမှိုက်ရှိသည် ဖြစ်အံ့၊ ကျင်ကြီးအိမ်ကို တံမြက်လှည်းရမည်၊ သောက်ရေမရှိအံ့၊ သောက်ရေကို တည်ထားရမည်၊ သုံးဆောင်ရေ မရှိအံ့၊ သုံးဆောင်ရေကို တည်ထားရမည်။

သန့်သက်ရေအိုး၌ ရေမရှိသည် ဖြစ်အံ့၊ သန့်သက်ရေအိုး၌ ရေကို သွန်းလောင်းရမည်။(၁၀-မှတ်)(မြန်၊၃၇၉။)

**မှတ်ချက်။ ။ မတိကျလည်း အမှတ်ပေးရန်။**

## မေးခွန်းနှင့် အဖြေ

၉။ အောက်ပါ ရဟန်းတော်တို့အား အာပတ်သင့်/မသင့် ဆုံးဖြတ်ပြခဲ့ပါ။

(က) လက်ပတ်နာရီပတ်သော ရဟန်း။

(ခ) အသံအေးအေးဖြင့် တရားဟောသော ရဟန်း။

(ဂ) ထင်းခြောက်ချိုးရန် သစ်ပင်တက်သော ရဟန်း။

(ဃ) သပိတ်ပွေ့လျက် တံခါးဖွင့်သော ရဟန်း။

(င) ဘုရားရှင်၏ ပါဠိတော်ကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူသော ရဟန်း။

ဖြေ။ (က) အာပတ်သင့်ပါသည်။ (၂-မှတ်)(မြန်၊၂၄၀။)

(ခ) အာပတ်မသင့်ပါ။ (၂-မှတ်)(မြန်၊၂၄၂။)

(ဂ) အာပတ်မသင့်ပါ။ (၂-မှတ်)(မြန်၊၂၈၃။)

(ဃ)အာပတ်သင့်ပါသည်။ (၂-မှတ်)(မြန်၊၂၄၉။)

(င) အာပတ်မသင့်ပါ။ (၂-မှတ်)(မြန်၊၂၈၄။)

## မေးခွန်းနှင့် အဖြေ

၁၀။ အောက်ဖော်ပြပါ ဝါကျများ၌ ကွက်လပ်များကို မှန်ကန်အောင် ဖြည့်ပါ။

(က) ဘုရားရှင်၏ သာသနာတော်သည် -------- ဟူသော တစ်ခုတည်းသော အရသာရှိ၏

(ခ) လမ်းဆုံ၌ ဒေသနာကြားသော ဘိက္ခုနီမအား --------- အာပတ်သင့်ပါသည်။

(ဂ) ပဌမသင်္ဂါယနာကို ----------- သောကြောင့် ပဉ္စသတိကသင်္ဂါယနာဟု ခေါ်ပါသည်။

(ဃ) ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး နှစ်ပေါင်း ------- ကြာသောအခါ၌ ရဟန္တာပေါင်း -----တို့ဖြင့် ဒုတိယသင်္ဂါယနာတင်ပါသည်။

(င) သမဏ ဗြာဟ္မဏတို့၏ အညစ်အကြေးတို့သည် --------- မျိုး ရှိပါသည်။

ဖြေ။ (က) လွတ်မြောက်မှု (အရဟတ္တဖိုလ်) (၂-မှတ်)(မြန်၊၄၂၃။)

(ခ) ဒုက္ကဋ် (၂-မှတ်)(မြန်၊၄၅၁။)

(ဂ) လေ့လာခြင်းသို့ ရောက်ပြီးသော ရဟန္တာငါးရာတို့ ပြုသောကြောင့် (၂-မှတ်)(မြန်၊၄၉၃။)

(ဃ) နှစ်ပေါင်း ၁၀၀, ရဟန္တာ ၇၀၀ (၂-မှတ်)(မြန်၊၄၉၅၊၅၁၅။)

(င) လေးမျိုး (၂-မှတ်)(မြန်၊၄၉၇။)

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## စူဠဝါ ပါဠိတော် မြန်မာပြန် အဖြေ

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်း

၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၉) ရက်၊ (၂၅. ၆. ၂၀၁၅) ကြာသပတေးနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ● ●

၁-မေး။ မစ္ဆိကာသဏ္ဍဇနပုဒ်သို့ ကြွရောက်လာသော မထေရ်အရေအတွက်နှင့် အလယ်မထေရ် (၅)ပါး၏ ဘွဲ့တော်တို့ကို ဖော်ပြ၍၊ ဒါယကာစိတ္တ၏ ဆွမ်းကပ်ပွဲ၌ မပါဝင်ခဲ့သော မုန့်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ၁။ မထေရ်အရေအတွက်မှာ (၁၁)ပါးဖြစ်ပါသည်။ (၃-မှတ်)

အလယ်မထေရ်ငါးပါး၏ ဘွဲ့တော်မှာ

၁။ အရှင်ကောဋ္ဌိက၊ ၂။ အရှင်မဟာကပ္ပိန၊ ၃။အရှင်မဟာစုန္ဒ၊

၄။ အရှင်အနုရုဒ္ဓ၊ ၅။ အရှင်ရေဝတ- တို့ဖြစ်ပါသည်။ (၁-မှတ်စီ၊ ၅-မှတ်)

မပါဝင်သောမုန့်- တိလသံဂုဠိကာ=နှမ်းဖြင့်စပ်တွဲ တင်းလဲပါသောမုန့်။(၂-မှတ်) [စူဠဝါ= ပါ-၃၉]

---

၂-မေး။ "ကိုယ့်အပြစ်ကို ကိုယ်ဝန်ခံလျှင် လူတော်လူကောင်း"ဟု လောကဆရာများ ဆိုကြရာဝယ် အပြစ်ကျူးလွန်သော မေတ္တိယဘူမဇကရဟန်းများကိုလည်း လူတော်လူကောင်းဟု ဆိုနိုင်ခွင့် ရှိ/မရှိ အကြောင်းစုံလင်စွာဖြင့် ရှင်းတမ်းထုတ်ပြခဲ့ပါ။

ဖြေ။ လူတော်လူကောင်းဟု ဆိုနိုင်ခွင့် ရှိ/မရှိ

မေတ္တိယဘူမဇကရဟန်းများသည် အရှင်ဒဗ္ဗအပေါ် စိတ်ဆိုးပြီး မေတ္တိယဘိက္ခုနီအား 'နှမ - လာလော့၊ သင်သည် မြတ်စွာဘုရားအထံသို့ ချဉ်းကပ်ပြီးနောက် မြတ်စွာဘုရားကို 'အရှင်ဘုရား ဤအမှုသည် မလျောက်ပတ်ပါ၊ မသင့်တင့်ပါ၊ အရှင်ဘုရား ဤအရပ်မျက်နှာသည် ဘေးမရှိခဲ့ပါ၊ ရန်မရှိခဲ့ပါ၊ နှိပ်စက်မှုမရှိပါ၊ ထိုအရပ်မျက်နှာသည် ယခုဘေးရှိပါသည်၊ ရန်ရှိပါသည်၊ နှိပ်စက်မှုရှိပါသည်၊ အကြင်အရပ်မျက်နှာမှ လေမရှိခဲ့ပါ၊ ယခု ထိုအရပ်မှ လေရှိခဲ့ပါသည်၊ ရေသည် အလျှံပြောင်ပြောင် တောက်လောက်၍ နေယောင်တကား၊ မလ္လမင်း၏သား အရှင်ဒဗ္ဗသည် အကျွန်ုပ်ကို ဖျက်ဆီးအပ်ပါ၏' ဟု လျှောက်လော့' ဟု ခိုင်းစေသော အားဖြင့် အပြစ်ကျူးလွန်ခဲ့ပြီ။ (၆-မှတ်)

အရှင်ဒဗ္ဗ၏ ဖြေရှင်းချက်များကြောင့် မေတ္တိယဘိက္ခုနီမကို အသွင်ကို ဖျက်ဆီးရာအခါ မေတ္တိယဘူမဇကရဟန်းများသည် 'ငါ့ရှင်တို့ မေတ္တိယဘိက္ခု နီမကို မဖျက်ဆီးကြပါကုန်လင့်၊ ထိုဘိက္ခုနီမသည် တစ်စုံတစ်ခု ပြစ်မှားသည် မဟုတ်ပါ၊ အမျက်ထွက်ကုန်သော နှလုံးမသာကုန်သော သာသနာတော်မှ ရွေ့လျောစေလို ကုန်သော ငါတို့သည် ထိုဘိက္ခုနီမကို တိုက်တွန်းကြကုန်၏'ဟု ဝန်ခံပြောဆိုကြကုန်၏။ ဤသို့အပြစ်ကျူးလွန်၍ အပြစ်ကို ဝန်ခံသောအားဖြင့် ပြောဆိုကြသောကြောင့် လူတော် လူကောင်းဟု ဆိုနိုင်ခွင့် ရှိပါသည်။ (၄-မှတ်) [စူဠဝါ-ပါ-၁၉၇၊ ပြန်- ၁၉၁]

၃-မေး။ အနုဝါဒါဓိကရဏ်း၏ ဒုတိယမူလအဓိပ္ပါယ်ကို ဖော်ပြ၍၊ ဆဗ္ဗဂ္ဂီရဟန်းများ လူတို့ကဲ့သို့ စတိုင်လ် အမျိုးမျိုး ဝတ်ဆင်ပုံ (၅)မျိုးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **အနုဝါဒါဓိကရဏ်း၏ ဒုတိယမူလအဓိပ္ပါယ်**

ဤသာသနာတော်၌ အချို့သောပုဂ္ဂိုလ်သည် အပြောအဆိုခက်ခဲ၏၊ မန်းစွဲ၏၊ စကားထစ်၏၊ စကားပြောရာ၌ အရိအရွဲယို၏၊ သွားရေကျ၏၊ ယင်းစကားမျိုးဖြင့် ထိုပုဂ္ဂိုလ်ကို စွပ်စွဲကုန်၏။ ဤစကားမျိုးသည် အနုဝါဒါဓိကရဏ်း၏ မူလတည်း။ (၅-မှတ်) [စူဠဝါ-ပါ-၂၁၅၊ ပြန်-၂၁၂]

**ဝတ်ဆင်ပုံ(၅)မျိုး**

(က) ဆင်နှမောင်းကဲ့သို့ ချ၍ဝတ်ဆင်ခြင်း။ (ခ) ငါးမြီးကဲ့သို့ ချ၍ဝတ်ဆင်ခြင်း။

(ဂ) လေးစချ၍ ဝတ်ဆင်ခြင်း။ (ဃ) ထန်းရွက်ယပ်ဝန်းကဲ့သို့ ချ၍ဝတ်ဆင်ခြင်း။

(င) အတွန့်များစွာ ချ၍ဝတ်ဆင်ခြင်း။ (၁-မှတ်စီ၊ ၅-မှတ်) [စူဠဝါ-ပါ-၂၂၇၊ ပြန်- ၂၈၁]

---

၄-မေး။ ရဟန်းများ သစ်ပင်တက်နိုင်ရာအခါနှင့် တက်သင့်သော ပမာဏကို ဖော်ပြ၍၊ ဘုရားရှင်ခွင့်ပြုခဲ့သော ပြူတင်းပေါက် (၃)မျိုး၊ အခန်း (၃)မျိုးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **သစ်ပင်တက်နိုင်ရာအခါ** - ကိစ္စရှိလတ်သောအခါ၊ ဘေးရန်ရှိသောအခါ။

**တက်သင့်သောပမာဏ** - တသူမျှပမာဏ၊ အလိုရှိတိုင်းသောပမာဏ။

(၁-မှတ်စီ၊ ၅-မှတ်) [စူဠဝါ- ပါ-၂၇၉၊ ပြန်-၂၈၃။]

**ပြူတင်းပေါက်(၃)မျိုး**

(က) ပွတ်တိုင်လေသောက်ပြူတင်း၊ (ခ) ကွန်ရက်လေသောက်ပြူတင်း၊

(ဂ) ဝါခြမ်းလေသောက်ပြူတင်း။ (၁-မှတ်စီ၊ ၃-မှတ်) [စူဠဝါ-ပါ-၂၉၃၊ ပြန်-၂၉၈၊]

**အခန်း(၃)မျိုး**

(က) လေးထောင့်ခန်း၊ (ခ) ခန်းမရှည်၊ (ဂ) အခန်းဦးပြည်း(အထက်ပြင်၌ ထွန့်မရှိသောအခန်း)။

(၁-မှတ်စီ၊ ၃-မှတ်) [စူဠဝါ- ပါ-၂၉၈၊ ပြန်-၃၀၂။]

---

၅-မေး။ အမှုသစ်နှင့်ပတ်သက်၍ တစ်ဘက်တစ်လမ်းက ပါဝင်လိုသော ဆင်းရဲသား အပ်ချုပ်သမား၏ ခဲလေသမျှ သဲရေကျခဲ့ရပုံကို ပေါ်လွင်စွာ တင်ပြ၍၊ အတူနေ သူငယ်ချင်း သုံးယောက်နှင့် အကြီးဆုံး သူငယ်ချင်း၏ အတုယူဖွယ် လုပ်ဆောင်ချက်ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ခဲလေသမျှ သဲရေကျခဲ့ရပုံ**

တစ်ဦးသော အပ်ချုပ်သမား သူဆင်းရဲသည် ကိုယ်တိုင်ရွှံ့ကို နယ်ကာ အုတ်တို့ကို စီ၍ နံရံကို တက်စေ၏၊ မကျွမ်းကျင်သော အပ်ချုပ်သမားစီထားသော နံရံသည် ကောက်၍ပြိုကျ၏၊ နှစ်ကြိမ်မြောက်လည်း သုံးကြိမ်မြောက်လည်း မကျွမ်းကျင်သော အပ်ချုပ်သမားစီထားသော နံရံသည် ကောက်၍ပြိုကျသည်သာ။

(၅-မှတ်) ။[စူဠဝါ-ပါ-၃၀၈၊ပြန်-၃၁၂။]

**အတူနေ သူငယ်ချင်းသုံးယောက်**

ခါ၊ မျောက်၊ ဆင်၊ (၁-မှတ်စီ၊ ၃-မှတ်)

## အတုယူဖွယ်လုပ်ဆောင်ချက်

ခါသည် မျောက်နှင့်ဆင်တို့ကို ငါးပါးသီလတို့၌ တည်စေ၏၊ ကိုယ်တိုင်လည်း ငါးပါးသီလတို့၌ တည်၍ ကျင့်၏။ (၂-မှတ်) [ စူဠဝါ-ပါ- ၃၁၁၊ပြန်- ၃၁၅]

---

၆-မေး။ ရှေးခေတ်ကာလ လယ်ယာလုပ်ငန်းဆောင်ရွက်ပုံကို စနစ်ကျကျ ဖော်ပြ၍၊ အသာတိုရ်မြင်းမ၏ ကိုယ်ဝန်ဆောင်ရခြင်းအကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **လယ်ယာလုပ်ငန်းဆောင်ရွက်ပုံ**

ရှေးဦးစွာ လယ်ထွန်စေရမည်၊ ထွန်စေပြီးနောက် စိုက်စေရမည်၊ စိုက်စေပြီးနောက် ရေသွန်းစေရမည်၊ ရေသွန်းစေပြီနောက် ရေထုတ်စေရမည်၊ ရေထုတ်စေပြီးနောက် ပေါင်းသင်စေရမည်၊ ပေါင်းသင်စေပြီးနောက် ရိတ်စေရမည်၊ ရိတ်စေပြီးနောက် ထုတ်ဆောင်စေရမည်၊ ထုတ်ဆောင်စေပြီးနောက် စုပုံစေရမည်၊ စုပုံစေပြီး နောက် နယ်စေရမည်၊ နယ်စေပြီးနောက် ကောက်ရိုးများကို ထုတ်စေ,ခါစေရမည်၊ ကောက်ရိုးများကို ထုတ်စေပြီးနောက် ကောက်ရိုးမှော် တို့ကို/အဖျင်းတို့ကို ထုတ်စေရမည်၊ ကောက်ရိုးမှော်တိုကို ထုတ်စေပြီး နောက် လှေ့စေရမည်၊ လှေ့စေပြီးနောက် ကျီသွင်းစေရမည်၊ သွင်းစေပြီးနောက် နောက်နှစ်မှာလည်း ဤအတိုင်းပြုလုပ်ရမည်၊ နောက်နောင်နှစ်မှာလည်း ဤအတိုင်းပင်ပြုလုပ်ရမည်။ ( ၈-မှတ်) (စူဠဝါ-ပါ- ၁၃၆၊ ပြန်-၃၄၁/၂)

**ကိုယ်ဝန်ဆောင်ရခြင်းအကြောင်း**=မိမိကိုယ်ကို သတ်ခြင်း,ပျက်စီးခြင်းတိုတည်း။

(၂-မှတ်) [စူဠဝါ-ပါ-၃၄၆၊ ပြန်-၃၅၁]

---

၇-မေး။ တမန်တစ်ယောက်၌ ရှိသင့်သော အရည်အချင်းတို့ကို ဖော်ပြ၍၊ အနုမောဒနာဝတ်နှင့် ပတ်သက်သော မြတ်စွာဘုရား၏ ခွင့်ပြုချက်တို့ကိုလည်း ပြည့်စုံစွာ တင်ပြခဲ့ပါ။

ဖြေ။ **ရှိသင့်သော အရည်အချင်းများ**

(က) နားထောင်ခြင်း၊ (ခ) ပြန်လည်ပြောတတ်ခြင်း၊ (ဂ) သင်ယူခြင်း၊ (ဃ) ဆောင်ရွက် မှတ်သားနိုင်ခြင်း၊ (င) သိတတ်ခြင်း၊ (စ) သူတစ်ပါးကို သိစေခြင်း၊ (ဆ) အကျိုးစီးပွါးရှိ/မရှိ၌ လိမ္မာခြင်း၊ (ဇ) ငြင်းခုံခြင်းကို မပြုခြင်းတို ဖြစ်သည်။ (၆-မှတ်) [စူဠဝါ-ပါ-၃၆၄၊ ပြန်-၃၇၀]

## ခွင့်ပြုချက်များ

၁။ ဆွမ်းစားဇရပ်၌ အနုမောဒနာပြုရမည်။

၂။ မထေရ်ကြီးရဟန်းသည် ဆွမ်းစားဇရပ်၌ အနုမောဒနာပြုရမည်။

၃။ ဆွမ်းစားဇရပ်၌ မထေရ်ကြီး,မထေရ်ငယ် ရဟန်းလေးပါး,ငါးပါးကို ဆိုင်းငံ့ရမည်။

၄။ ပြုဖွယ်ကိစ္စရှိလတ်သော် အနီးရှိရဟန်းကို ပန်ကြား၍သွားရမည်။

(၁-မှတ်စီ၊၄-မှတ်) [စူဠဝါ-ပါ-၃၇၉၊ ပြန်-၃၈၄]

---

၈-မေး။ အသူရာများ ပျော်မွေ့ရာ နေရာနှင့် ပျော်မွေ့ရခြင်း၏ သတ္တမအကြောင်းအရာကို ဖော်ပြ၍၊ ဘိက္ခုနီမများ စီးပွားရေးလုပ်ရှားပုံများကိုလည်း စုစည်းတင်ပြခဲ့ပါ။

ဖြေ။ **အသူရာများပျော်မွေ့ရာနေရာ**= မဟာသမုဒ္ဒရာတည်း။ (၁-မှတ်)

**သတ္တမမပြောက်အကြောင်းအရာ-**

မဟာသမုဒ္ဒရာ၏ ပုလဲ,မြ,ကျောက်မျက်ရွဲ,ခရုသင်း,ကျောက်သလင်း,သန္တာ,ငွေ,ရွှေ,ပတ္တမြားနီ, ပတ္တမြားပြောက်ဟူသော များသောရတနာ၊ မရေမတွက်နိုင်သော ရတနာရှိခြင်းသည်လည်း မဟာသမုဒ္ဒရာ၌ မဖြစ်ဘူးမြဲဖြစ်သော သတ္တမအံ့ဖွယ်သဘောပေတည်း၊ ယင်းသဘောကို မြင်ကုန်သောကြောင့် အလွန်ပျော်မွေ့ရသည်။ (၄-မှတ်) [စူဠဝါ-ပါ-၄၂၀၊ ပြန်-၄၂၁]

**စီးပွါးရေးလှုပ်ရှားပုံ**

သေတင်းကုတ်ကို ထားခြင်း၊ သားစိမ်းငါးစိမ်းကို ထားခြင်း၊စျေးဆိုင်ခင်းကျင်းခြင်း၊ အတိုးပေးခြင်း၊ ကုန်သွယ်ခြင်းကို ပြုခြင်း၊ ဟင်းရွက်စိမ်း,ဟင်းရွက်ကျက် အမျိုးမျိုးကို ရောင်းခြင်း တို့တည်း။

(၅-မှတ်) [စူဠဝါ-ပါ-၄၅၈၊ ပြန်-၄၅၉]

---

၉-မေး။ အောက်ပါရဟန်း၊ ရဟန်းမတို့အား အာပတ်သင့်/မသင့် ဝေဖန်ပြခဲ့ပါ။

(က) ဆံပင်ကို လက်နှစ်သစ် ရှည်အောင် ထားသော ရဟန်း၊

(ခ) သပိတ်ကိုင်ပြီး တံခါးဖွင့်သော ရဟန်း၊

(ဂ) ကျောင်းနံရံကို မှီသော ရဟန်း၊

(ဃ) ကြီးစဉ်ငယ်လိုက် ကုဋိမတက်သော ရဟန်း၊

(င) ရဟန်းအား လမ်းမဖယ်ပေးသော ရဟန်းမ၊

ဖြေ။ (က) အာပတ်မသင့်ပါ။ (စူဠဝါ-ပါ-၂၄၂) (ခ) အာပတ်သင့်ပါသည်။ (စူဠဝါ-ပါ- ၂၅၀)
(ဂ) အာပတ်သင့်ပါသည်။ (စူဠဝါ-ပါ-၃၂၉) (ဃ) အာပတ်မသင့်ပါ။ (စူဠဝါ-ပါ- ၃၉၁)
(င) အာပတ်သင့်ပါသည်။ (စူဠဝါ-ပါ- ၃၆၀) [၂-မှတ်စီ၊ ၁၀-မှတ်]

---

၁၀-မေး။ အောက်ဖော်ပြပါ ဝါကျများ၏ ကွက်လပ်များကို မှန်ကန်စွာ ဖြည့်စွက်ခဲ့ပါ။

(က) ပါရိဝါသိကက္ခန္ဓက၌ ဝတ္တပေါင်း ----------- ဝတ္တ ရှိသည်။

(ခ)ထိုင်ရန်လည်း မသင့်၊ အိပ်ရန်လည်း မသင့်သော လူတို့ ဥစ္စာဖြစ်သော အခင်းမှာ ------------------- ခု ဖြစ်သည်။

(ဂ)အရှင်အာနန္ဒာအား ဥတေန လှူဒါန်းသော သင်္ကန်းပမာဏမှာ ----------- ဖြစ်သည်။

(ဃ) အဝန္တိ ဒက္ခိဏာပထတိုင်းသား ရဟန်းအရေအတွက်မှာ --------- ဖြစ်၍ --------- တောင်၌ စည်းဝေးကြသည်။

(င)အရှင်ရေဝတ၏ အလုပ်အကျွေးမှာ ----------- မည်သော ရဟန်းဖြစ်၍၊ ယင်းရဟန်း၏ ဝါတော်မှာ ------------ ဝါ ရှိသည်။

ဖြေ။ (က) ၅-ဝတ္တ။ (၂-မှတ်) [စူဠဝါ-ပါ-၁၀၂] (ခ) ၃-ဝတ္တ။ (၂-မှတ်) [စူဠဝါ-ပါ-၂၅၀]
(ဂ) ၅၀၀-ဖြစ်သည်။ (၂-မှတ်)
(ဃ) ရှစ်ကျိတ်ရှစ်ပါးဖြစ်၍၊ အဟောဂင် မည်သော တောင်၌ စည်းဝေးကြသည်။

(၁-မှတ်စီ၊ ၂-မှတ်) [စူဠဝါ-ပါ- ၄၉၃]

(င) ဥတ္တရမည်သောရဟန်းဖြစ်၍၊ ဝါတော်မှာ ၂၀-ဖြစ်သည်။(၁-မှတ်စီ၊၂-မှတ်) [စူဠဝါ-ပါ- ၅၀]

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၁) ဝိနယပိဋက**
**စူဠဝါ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ**

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်၊ (၂၄. ၆. ၂၀၁၆) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

••••••••••••••••••••••••••••••••••••••••••••••

မေး၁။ ကမ္မက္ခန္ဓကလာ ကံ (၇)မျိုးကို ကံအပြုခံရသော ရဟန်းတို့နှင့် တွဲစပ် ဖော်ပြ၍၊ ကာမဂုဏ်တရား၏ သာယာဖွယ်နည်းပါး အပြစ်များပုံကို ထင်ရှားပေါ်လွင်စေသော ဥပမာတို့တွင် အလယ်တည့်တည့် (၄)ပါးကိုသာ ဖော်ပြခဲ့ပါ။

ဖြေ။ ကံ (၇)မျိုး –

(၁) တဇ္ဇနီယကံ- ပဏ္ဍုက, လောဟိတကရဟန်းများ

(၂) နိယဿကံ- အရှင်သေယျသက

(၃) ပဗ္ဗာဇနီယကံ- အဿဇိ, ပုနဗ္ဗသုကရဟန်းများ

(၄) ပဋိသာရဏီယကံ- အရှင်သုဓမ္မ

(၅) အာပတ်ကို မရှုခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ- အရှင်ဆန္န

(၆) အာပတ်ကို မကုစားခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ- အရှင်ဆန္န

(၇) ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ- အရှင်အရိဋ္ဌ [၆-မှတ်]

အလယ်တည့်တည့် ဥပမာ (၄)ပါး

၁။ မီးကျီးတွင်းနှင့် တူခြင်း၊ ၂။ အိပ်မက်နှင့် တူခြင်း၊

၃။ အငှားပစ္စည်းနှင့် တူခြင်း၊ ၄။ အသီးရှိသော အပင်နှင့် တူခြင်း။ [၄-မှတ်]

---

မေး၂။ အတ္တဟိတနှင့် ပြည့်စုံပြီးသော အရှင်ဒဗ္ဗ၏ ပရဟိတစိတ်ထား အကြံအစည်ကို ဖော်ပြ၍၊ အဓိကရုဏ်း (၄)မျိုးကို ကုသိုလ်, အကုသိုလ်, အဗျာကတတို့ဖြင့် တွဲစပ် ဖော်ပြကာ၊ အာပတ်သာ မည်၍ အဓိကရုဏ်း မမည်သော အာပတ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ အရှင်ဒဗ္ဗ၏ ပရဟိတစိတ်ထား - ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာရှိသေးသော ငါသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ ငါသည် တပည့်သာဝကတို့ ရောက်သင့် ရောက်ထိုက်သော အလုံးစုံသော တရားသို့ အစဉ် ရောက်ခဲ့ပြီ ငါ့အား တစ်စုံတစ်ရာသော ရဟန်း ကိစ္စ နောက်ထပ်ပြုဖွယ်ရာ မရှိတော့ပြီ၊ ပြုအပ်ပြီးသော တရားကိုလည်း ထပ်၍ ပွားများဖွယ် မရှိတော့ပြီ၊ ငါသည် သံဃာတော်၏ အဘယ်မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း။ [၄-မှတ်](မြန်-၁၈၅)

အဓိကရုဏ်းနှင့် ကုသိုလ်, အကုသိုလ်, အဗျာကတတွဲစပ်ပုံ –

၁။ ဝိဝါဒါဓိကရုဏ်း - ရံခါ ကုသိုလ်၊ ရံခါ အကုသိုလ်၊ ရံခါ အဗျာကတ

၂။ အနုဝါဒါဓိကရုဏ်း - ရံခါ ကုသိုလ်၊ ရံခါ အကုသိုလ်၊ ရံခါ အဗျာကတ

၃။ အာပတ္တာဓိကရုဏ်း - ရံခါ အကုသိုလ်၊ ရံခါ အဗျာကတ

၄။ ကိစ္စာဓိကရုဏ်း - ရံခါ ကုသိုလ်, ရံခါ အကုသိုလ်၊ ရံခါ အဗျာကတ။ [၃-မှတ်] (မြန်၊၂၁၂-၃-၄)

အာပတ်သာမည်၍ အဓိကရုဏ်းမမည်သော အာပတ် သောတာပတ္တိနှင့် သမာပတ္တိ။ [၃-မှတ်] (မြန်၊၂၁၅)

မေး၃။ ရဟန်းတော်များ မှန်ကြည့်နိုင်သော အကြောင်းကို ဖော်ပြ၍၊ လူဦးခေါင်းခွံကို သပိတ်လုပ်၍ အသုံးပြုသော ရဟန်းတစ်ပါးနှင့် စပ်၍ ဖြစ်ပေါ်လာသော ဝတ္ထုကို ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

ဖြေ။ **ရဟန်းတော်များ မှန်ကြည့်နိုင်သော အကြောင်း** - အနာရောဂါထူသော အကြောင်းကြောင့် မှန်ကြည့်နိုင်ပါသည်။[၃-မှတ်] (မြန်၊၂၄၀။ ပါ၊၂၄၂။)

**လူဦးခေါင်းခွံကို သပိတ်ပြုသော ရဟန်းဝတ္ထု**- ရဟန်းတစ်ပါးသည် အလုံးစုံသော ပံသုကူပစ္စည်းရှိသူ ဖြစ်၏။ ထိုရဟန်းသည် လူဦးခေါင်းခွံသပိတ်ကို ဆောင်၏၊ တစ်ယောက်သော မိန်းမသည် မြင်၍ ကြောက်သောကြောင့် "အမယ်လေး! ဤသူသည် မြေဘုတ်ဘီလူးကြီးပါပဲ"ဟု ဟစ်အော်ခြင်းကို ပြု၏။ လူတို့သည် "အဘယ်ကြောင့် သာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် မြေဘုတ်ဘီလူးတို့ကဲ့သို့ လူဦးခေါင်းခွံသပိတ်ကို ဆောင်ကုန်ဘိသနည်း"ဟု ကဲ့ရဲ့ကုန်၏။ ရှုတ်ချကုန်၏။ အပြစ်ပြပြောဆိုကုန်၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့. . . လူဦးခေါင်းခွံ သပိတ်ကို မဆောင်အပ်၊ ဆောင်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့. . . ပံသုကူပစ္စည်းချည်းရှိသူ မဖြစ်ရာ၊ ဖြစ်သော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏"ဟု မိန့်တော်မူ၏။ [၇-မှတ်] (မြန်၊၃၅၀။ ပါ၊၂၅၁)

---

မေး၄။ နေ့စဉ်နှင့်အမျှ မင်္ဂလာကိုသာ အလိုရှိကြသော လူတို့နှင့် စပ်၍ ရဟန်းတို့အား မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော အမှုကိစ္စ (၂)ရပ်ကို ဖော်ပြ၍၊ မင်းစည်းစိမ်ကို စွန့်လွှတ်ချင်လောက်အောင် ကောင်းမြတ်လှသည့် ရဟန်းဘဝ၏ ချမ်းသာလှပုံကို ဘဒ္ဒိယမထေရ်က ဘုရားရှင်အား လျှောက်ထားသည့်အတိုင်း ဖော်ပြခဲ့ပါ။

ဖြေ။ **မင်္ဂလာနှင့်စပ်၍ ခွင့်ပြုချက် ၂-ရပ်**

(က)လူတို့၏ မင်္ဂလာအကျိုးငှာ တောင်းပန်အပ်သော ရဟန်းသည် ပုဆိုးဖြူအခင်းကို နင်းနိုင်ခြင်း။

(မြန်၊၂၇၀။ ပါ၊၂၆၈)

(ခ) လူတို့က "အရှင်ဘုရားတို့. . . အသက်ရှည်ပါစေကုန်သောဝ်"ဟု ဆိုလျှင် "ကြာမြင့်စွာ အသက်ရှည်ပါစေ"ဟု ဆိုခွင့်ရှိခြင်း။ [၄-မှတ်] (မြန်၊၂၈၅။ ပါ၊၂၈၁။)

**အရှင်ဘဒ္ဒိယ လျှောက်ထားချက်** - အရှင်ဘုရား. . . အကျွန်ုပ်သည် ရှေးအခါ မင်းဖြစ်စဉ် နန်းတော်တွင်း၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်ရပါ၏၊ နန်းတော်ပြင်ပ၌လည်း အစောင့်အရှောက်ကို ကောင်းစွာ စီရင်ရပါ၏။ မြို့တွင်း၌လည်း . . . ၏၊ မြို့ပြင်၌လည်း. . . ၏၊ ဇနပုဒ်အတွင်း၌လည်း. . . ၏၊ ဇနပုဒ်ပြင်ပ၌လည်း . . . ၏၊ အရှင်ဘုရား အကျွန်ုပ်သည် ဤသို့စောင့်ရှောက်အပ်သော်လည်း လုံခြုံစေအပ်သော်လည်း ကြောက်လျက်ပင် ထိတ်လျက်ပင် ရွံ့ရှာလျက်ပင် တုန်လှုပ်လျက်ပင် နေရပါ၏။ အရှင်ဘုရား ယခုမူ အကျွန်ုပ်သည် တောသို့ ကပ်သော်လည်းကောင်း, သစ်ပင်ရင်းသို့ ကပ်သော်လည်းကောင်း, ဆိပ်ငြိမ်ရာသို့ ကပ်သော်လည်းကောင်း မကြောက် မထိတ်၊ မရွံ့ရှာ၊ မတုန်လှုပ်ဘဲ မကြောင့်ကြမူ၍ မာန်မာနတည်းဟူသော အမွေးကိုချလျက် သူတစ်ပါး ပေးလှူသော ပစ္စည်းဖြင့် အသက်မွေးပြီးလျှင် သား သမင်သဖွယ် လွတ်လပ်သော စိတ်ဖြင့် နေရပါ၏။ အရှင်ဘုရား အကျွန်ုပ်သည် ဤအကျိုးထူးကို မြင်သောကြောင့် "ချမ်းသာလေစွ ချမ်းသာလေစွ"ဟု ဥဒါန်းကို ကျူးရင့်ပါသည်။ [၆-မှတ်] (မြန်၊၃၄၆။ ပါ၊၃၄၀။)

---

မေး၅။ ခရီးသွားရဟန်းတို့အား ရေစစ်နှင့် ပတ်သက်၍ ဘုရားရှင်၏ ပညတ်တော်မူချက်ကို ဖော်ပြ၍၊ မည်ကဲ့သို့ သော ဒါယကာအပေါ်၌ သံဃာက သပိတ်မှောက်ကံပြုသင့်ပါသနည်း? ဖြေဆိုပါ။

ဖြေ။ **ရေစစ်နှင့် ပတ်သက်၍ ပညတ်ချက်** - ရဟန်းတို့. . . ခရီးရှည်သွားသော ရဟန်းသည် ရေစစ်ကို တောင်းလျှင် ပေးရမည်။ မပေးသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ ရဟန်းတို့ ရေစစ်မပါသော ရဟန်းသည် ခရီးရှည် မသွားအပ်, သွားသော ရဟန်းအား ဒုက္ကဋ်အာပတ်သင့်၏။ [၄-မှတ်] (မြန်၊၂၅၅။ ပါ၊၂၅၅။)

**သပိတ်မှောက်အင်္ဂါ ၈-ချက်** -

၁။ ရဟန်းတို့အား လာဘ်မရစိမ့်သောငှာ အားထုတ်ခြင်း

၂။ ရဟန်းတို့အား အကျိုးမဲ့စိမ့်သောငှာ

၃။ ရဟန်းတို့အား နေရာမရစိမ့်သောငှာ

၄။ ရဟန်းတို့ကို ဆဲရေးခြင်း ခြိမ်းခြောက်ခြင်း

၅။ ရဟန်းအချင်းချင်း ကွဲပြားစေခြင်း

၆။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောခြင်း

၇။ တရား၏ ကျေးဇူးမဲ့ကို ပြောခြင်း

၈။ သံဃာ၏ ကျေးဇူးမဲ့ကို ပြောခြင်းတို့နှင့် ပြည့်စုံသော ဒါယကာအပေါ်၌ သံဃာက သပိတ်မှောက်ကံ ပြုသင့်ပါသည်။ [၆-မှတ်] (မြန်၊၂၆၅။ ပါ၊၂၆၃။)

---

မေး၆။ သာသနာတော်ဝယ် ဘုရားရှင်က ကျောင်းခွင့်မပြုခင် ရဟန်းတော်များ သီတင်းသုံးနေထိုင်ခဲ့ကြသော နေရာတို့ကို သရုပ်ထုတ်ပြ၍၊ ထိုရဟန်းတို့ကို ကြည်ညိုပြီး ကျောင်းဆောက်လုပ်လှူဒါန်းသော ဒါယကာ၏ အမည်နှင့် ကျောင်းလှူရခြင်း၏ ရည်ရွယ်ချက်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ရဟန်းတော်များ သီတင်းသုံးသော နေရာများ - တော၊ သစ်ပင်ရင်း၊ တောင်၊ ချောက်၊ တောင်ခေါင်း၊ သင်္ချိုင်း၊ တောအုပ်၊ လွင်ပြင်၊ ကောက်ရိုးပုံ-တို့ ဖြစ်ပါသည်။ [၄-မှတ်] (ပါ၊၂၉၀။)

ဒါယကာအမည် - ရာဇဂြိုဟ်သူဌေး။ [၂-မှတ်]

ရည်ရွယ်ချက် - ကောင်းမှုကို အလိုရှိသောကြောင့်လည်းကောင်း၊ နတ်ပြည်ကို အလိုရှိသောကြောင့် လည်းကောင်း။ [၄-မှတ်] (မြန်၊၂၉၅-၆။ ပါ-၂၉၀)

---

မေး၇။ အရှင်ဒေဝဒတ်အပေါ် လွှမ်းမိုးနေသော မသူတော်တရား (၈)မျိုးကို ထုတ်ပြ၍၊ ပိဏ္ဍစာရိကဝတ် လာ ဆွမ်းခံရွာ၌ ရှေးဦးစွာ ပြန်ရောက်သော ရဟန်း, နောက်ဆုံးမှ ပြန်ရောက်လာသော ရဟန်းတို့၏ ကျင့်ဝတ်တို့ကိုလည်း အသီးအသီး ဖော်ပြခဲ့ပါ။

ဖြေ။ မသူတော်တရား ၈-ပါး - (၁) လာဘ်ရခြင်း၊ (၂) လာဘ်မရခြင်း၊ (၃) ကျော်စောခြင်း၊ (၄) မကျော်စောခြင်း၊ (၅) ရဟန်းတို့ ကောင်းစွာပြုစုခြင်း၊ (၆) ရဟန်းတို့ ကောင်းစွာ မပြုစုခြင်း၊ (၇) အလိုဆိုးရှိခြင်း၊ (၈) မိတ်ဆွေယုတ် ရှိခြင်း။ [၄-မှတ်] (မြန်၊၃၇၁။ ပါ၊၃၆၅။)

ရှေးဦးစွာ ရောက်လာသော ဆွမ်းခံရဟန်းကျင့်ဝတ်- ရှေးဦးစွာ ဖဲခဲ့သော ရဟန်းသည် နေရာကို ခင်းရမည်၊ ခြေဆေးရေ, ခြေဆေး အင်းပျဉ်, ခြေပွတ်အိုးခြမ်းတို့ကို အနီး၌ ထားရမည်၊ ဆွမ်းဦးထည့်ရန် ခွက်ကို ဆေး၍ အနီး၌ ထားရမည်။ သောက်ရေကိုလည်းကောင်း, သုံးရေကိုလည်းကောင်း အနီး၌ ထားရမည်။ [၃-မှတ်]

နောက်မှ ရောက်လာသော ဆွမ်းခံရဟန်း ကျင့်ဝတ် နောက်မှ ဖဲခဲ့သော ရဟန်းသည် ဆွမ်းစားကြွင်းရှိ၍ စားလိုမူ စားရမည်၊ မစားလိုမူ မြက် သစ်ပင် မရှိရာ၌သော်လည်း စွန့်ရမည်၊ ပိုးမွှားမရှိသော ရေ၌သော်လည်း သွန်ရမည်။ နေရာကို ရုပ်သိမ်းရမည်၊ ခြေဆေးရေ၊ ခြေဆေးအင်းပျဉ်၊ ခြေပွတ်အိုးခြမ်းတို့ကို သိမ်းရမည်။ ဆွမ်းဦးထည့်ခွက်ကို ဆေး၍ သိမ်းရမည်။ သောက်ရေကိုလည်းကောင်း၊ သုံးရေကိုလည်းကောင်း သိမ်းရမည်။ ဆွမ်းစားကျောင်းကို တံမြက်လှည်းရမည်။ [၃-မှတ်] (မြန်၊၃၈၉။ ပါ၊၃၈၄-၅။)

---

မေး၈။ တောရဆောက်တည်သော ရဟန်းတော်များ ဆောင်ထားရမည့်အရာနှင့် တတ်မြောက်ကျွမ်းကျင် ထားရမည့် အတတ်ပညာတို့ကို ဖော်ပြ၍၊ အလုံးစုံသော ကျောင်းကို မိုးစိုရာအခါ၌ ကျောင်းအိပ်ရာ နေရာတို့ကို သို့မှီးသိမ်းဆည်းပုံတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ တောရ ရဟန်း ဆောင်ထားရမည့်အရာ - (၁) သောက်ရေကို တည်ထားရမည်၊ (၂) သုံးရေကို တည်ထားရမည်၊ (၃) မီးကို တည်ထားရမည်၊ (၄) မီးပွတ်ခုံ ပွတ်ကျည်ကို တည်ထားရမည် (၅) တောင်ဝှေးကို အနီး၌ ထားရမည်။

တတ်မြောက်ရမည့် အတတ် - (၁) နက္ခတ်အကြောင်းအရာ အားလုံးတို့ကိုလည်းကောင်း၊ အချို့တို့ကိုလည်းကောင်း သင်ရမည်။ (၂) အရပ်မျက်နှာ၌ လိမ္မာရမည်။ [၂-မှတ်] (မြန်၊၃၉၁။ ပါ၊၃၈၆-၇။)

ကျောင်းအလုံးစုံ မိုးစိုခဲ့သော် - ကျောင်းအလုံးစုံကို မိုးစိုခဲ့သော် စွမ်းနိုင်သူ အိပ်ရာနေရာတို့ကို ရွာသို့ ဆောင်ရမည်။ "အဘယ်သို့လျှင် အိပ်ရာနေရာကို ရွာသို့ ဆောင်ရမည်နည်း"ဟု ကြောင့်ကြသော်လည်း စိုက်ရမည်။

“ဤနည်းဖြင့် ရွာသို့ ဆောင်ခြင်းကို မရမူ လွင်တီးခေါင်၌ ကျောက်ခဲလေးလုံးတို့၌ ညောင်စောင်းကို ခင်း၍ ညောင်စောင်းတစ်ခု၌ ညောင်စောင်းတစ်ခုကို တင်၍ အင်းပျဉ်တစ်ခု၌ အင်းပျဉ်တစ်ခုကို တင်၍ အိပ်ရာနေရာကို အပေါ်၌ ပုံ၍ သစ်ဘဏ္ဍာ မြေဘဏ္ဍာတို့ကို သိမ်းဆည်း၍ “အပေါင်စသော အစိတ်တို့လည်း ကြွင်းတန်ကုန်ရာ ၏”ဟု နှလုံးသွင်း၍ မြက်ဖြင့်သော်လည်းကောင်း၊ သစ်ရွက်ဖြင့်သော်လည်းကောင်း ဖုံးအုပ်၍ ဖဲသွားရမည်။ [၅-မှတ်] (မြန်၊၃၈၄။ ပါ၊၃၇၈။)

---

မေး၉။ အရှင်မဟာမောဂ္ဂလာန် စေတောပရိယအဘိညာဉ်ဖြင့် မြင်တွေ့သော ဒုဿီလပုဂ္ဂိုလ်၏ မကောင်းသော ဂုဏ်ပုဒ်များကို ပြည့်စုံစွာ ရေးပြ၍၊ စောဒနာခံရသော ရဟန်း တည်ရမည့် တရားတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ဒုဿီလပုဂ္ဂိုလ်၏ မကောင်းသော ဂုဏ်ပုဒ်များ** - (က) မစင်ကြယ်သည်ဖြစ်၍ ယုံမှားသော အကျင့်ရှိခြင်း၊ (ခ) အမှုကို ဖုံးကွယ်ခြင်း၊ (ဂ) ရဟန်းမဟုတ်ဘဲ ရဟန်းဟု ဝန်ခံခြင်း၊ (ဃ) မြတ်သော အကျင့်ကို မကျင့်ဘဲ ကျင့်၏”ဟု ဝန်ခံခြင်း၊ (င) အတွင်းပုပ်သော ကိလေသာရှိခြင်း၊ (စ) ကိလေသာမိုး စိုစွတ်ခြင်း၊ (ဆ) အမှိုက်ကဲ့သို့ ဖြစ်ခြင်း။ [၆-မှတ်] (မြန်၊၄၁၉။ ပါ၊၄၁၈။)

**စုဒိတက ရဟန်းတည်ရမည့် တရား ၂-ပါး** - ၁။ အမှန်ကို ပြောဆိုခြင်း၊ ၂။ အမျက်မထွက်ခြင်းတို့ ဖြစ်ပါသည်။ [၄-မှတ်] (မြန်၊၄၄၀။ ပါ၊၄၃၉။)

---

မေး၁၀။ အရှင်အာနန္ဒာမထေရ်က မာတုဂါမများ ဘိက္ခုနီပြုခွင့်ရရှိလေအောင် ပရိယာယ်အားဖြင့် လျှောက်ထား တောင်းပန်ပုံကို ရေး၍၊ ရဟန်းတို့သည် ရဟန်းမတို့အား ကြိုတင်သွန်သင်ထားမှု မရှိဘဲ အန္တရာယ်ပြုတတ်သော အကြောင်းကို မေးခြင်းကြောင့် ဖြစ်ပေါ်လာသော အပြစ်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ **ဘုရားရှင်အား လျှောက်ထားတောင်းပန်ပုံ** - အရှင်ဘုရား မာတုဂါမသည် မြတ်စွာဘုရား ဟောထား တော်မူအပ်သော ဓမ္မဝိနယသာသနာတော်၌ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်၍ သောတာပတ္တိဖိုလ် ကိုလည်းကောင်း၊ သကဒါဂါမိဖိုလ်ကိုလည်းကောင်း၊ အနာဂါမိဖိုလ်ကိုလည်းကောင်း၊ အရဟတ္တဖိုလ်ကို လည်းကောင်း မျက်မှောက်ပြုခြင်းငှာ ထိုက်တန်ပါမူ အရှင်ဘုရား မဟာပဇာပတိဂေါတမီသည် ကျေးဇူး များပါ၏၊ မြတ်စွာဘုရား၏ မိထွေးတော်ပါတည်း၊ ခြေဖြင့် သွားနိုင်ချိန်အထိ မွေးမြူသူပါတည်း၊ နို့တိုက်သူ ပါတည်း၊ မယ်တော် နတ်ရွာစံပြီးနောက် မြတ်စွာဘုရားကို နို့တိုက်ပါ၏၊ တောင်းပါပါသည် အရှင်ဘုရား၊ မြတ်စွာဘုရား ဟောထားတော်မူသော ဓမ္မဝိနယသာသနာတော်၌ မာတုဂါမသည် လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းအဖြစ် ရစေချင်ပါသည်-ဟု လျှောက်ထားပါသည်။ [၇-မှတ်] (မြန်၊၄၄၅။ ပါ၊၄၄၃။)

**ဖြစ်ပေါ်လာသော အပြစ်** - (၁) ရှုံ့ခြင်း၊ (၂) မျက်နှာမသာယာခြင်း၊ (၃) မဖြေနိုင်ခြင်း။ [၃-မှတ်] (မြန်၊၄၆၄။ ပါ၊၄၆၄။)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၁) ဝိနယပိဋက**

**စူဠဝါ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့်အဖြေ**

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၆) ရက်၊ (၁၅. ၆. ၂၀၁၇) ကြာသပတေးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

**၁-မေး။** သီတင်းသုံးဖော်ရဟန်းတို့ကို အမြဲမပြတ်ကြောင့်ကြစိုက် စေတတ်သော ရဟန်း၏အမည်ကို ၎င်း၏ အမူအကျင့်များနှင့်တကွ ဖြေဆို၍၊ ကာမဂုဏ်တရား၏ အပြစ်များပုံပြဥပမာတို့တွင် နောက်ဆုံး (၃)ပါးကိုသာ ဖြေဆိုပါ။

**အဖြေ။** ရဟန်းအမည် - အရှင်သေယျသက၊

အမူအကျင့် - မိုက်မဲ၏၊ မလိမ္မာ၊ မလျော်မလျောက်ပတ်သော လူသူဆက်ဆံရေး တို့ဖြင့်လူတို့နှင့် ရောယှက်၍ နေထိုင်၏။ (မြန်-၁၃)(၄-မှတ်)

ဥပမာ - စဉ်းတီတုံးဥပမာ၊ လှံတံကျင်ဥပမာ၊ မြွေဦးခေါင်းဥပမာ။ (မြန်-၆၅)(၆-မှတ်)

---

**၂-မေး။** မိမိအပေါ် စွပ်စွဲမှုများဖြစ်ပေါ်လာလျှင် မြတ်ဗုဒ္ဓအလိုကျ ဖြေရှင်းနည်းကို ဖြေဆို၍၊ အဓိကရုဏ်း မည်သောကိစ္စ, အဓိကရုဏ်းမမည်သောကိစ္စတို့ကိုလည်း ဖြေဆိုပါ။

**အဖြေ။** အကယ်၍ ပြုအပ်သည်ဖြစ်အံ့၊ "ပြုအပ်ပါ၏"ဟု ပြောဆိုဖြေရှင်းရပါမည်။ အကယ်၍ မပြုအပ်သည်ဖြစ်အံ့ "မပြုအပ်ပါ"ဟု ပြောဆိုဖြေရှင်းရပါမည်။ (မြန်-၁၉၀)(၄-မှတ်)

အဓိကရုဏ်းမည်သော ကိစ္စ - သံဃာ၏ပြုဖွယ်ကိစ္စဖြစ်သော အပလောကနကံ, ဉတ္တိကံ, ဉတ္တိဒုတိယကံ, ဉတ္တိစတုတ္ထကံတို့ဖြစ်ပါသည်။

အဓိကရုဏ်းမမည်သော ကိစ္စ - ဆရာ့ကိစ္စ, ဥပဇ္ဈာယ်ကိစ္စ, ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်ကိစ္စ, ဆရာတူသီတင်းသုံးဖော်ကိစ္စတို့ဖြစ်ပါသည်။

(မြန်-၂၁၆)(၃-မှတ်စီ=၆-မှတ်)

**၃-မေး။** ရဟန်းတော်များ သရက်သီးမှည့်အလုံးလိုက် အလှူခံရရှိရာ၌ မည်သို့ပြု၍ဘုဉ်းပေးသုံးဆောင်ရမည်ကို ဖြေဆိုကာ၊ ကြက်သွန်ဖြူဘုဉ်းပေးသုံးဆောင်ခွင့် ရရှိနိုင်သောအကြောင်းကိုပြဆိုသော ဝတ္ထုကြောင်းကို လည်း ဖြေဆိုပါ။

**အဖြေ။** သရက်သီးမှည့်သုံးဆောင်နည်း - မီးဖြင့်ကပ္ပိ၍လည်းကောင်း, ဓားငယ်ဖြင့်ကပ္ပိ၍ လည်းကောင်း, လက်သည်းဖြင့်ကပ္ပိ၍လည်းကောင်း, အစေ့ကိုထုတ်၍ လည်းကောင်း ဘုဉ်းပေးသုံးဆောင်ရပါမည်။

(မြန်-၂၄၃)(၅-မှတ်)

တစ်ခုသောအချိန်၌ အရှင်သာရိပုတ္တရာအား ဝမ်းလေနာဖြစ်လေ၏၊ ထိုအခါ အရှင်မဟာမောဂ္ဂလာန်သည် အရှင်သာရိပုတ္တရာထံသို့ ချဉ်းကပ်၍ "ငါ့ရှင် သာရိပုတ္တရာ ရှေးအခါ၌ သင်၏ဝမ်းလေနာသည် အဘယ်အရာဝတ္ထုဖြင့် ချမ်းသာပါသနည်း"ဟု မေး၏၊ ထိုအခါ၌ အရှင်သာရိပုတ္တရာသည် အရှင်မဟာမောဂ္ဂလာန်ကို "ငါ့ရှင်မောဂ္ဂလာန် ရှေးအခါ၌ ငါ၏ ဝမ်းလေနာသည် ကြက်သွန်ဖြူဖြင့် ချမ်းသာ၏"ဟု ဆို၏။ မြတ်စွာဘုရားအား ဤအကြောင်းကို လျှောက်ကြကုန်၏။ "ရဟန်းတို့ အနာရောဂါဟူသော အကြောင်းကြောင့် ကြက်သွန်ဖြူကို စားရန် ခွင့်ပြု၏"ဟု မိန့်တော်မူ၏။ (မြန်-၂၈၆)(၅-မှတ်)

**၄-မေး။** သံ ကြေးဘဏ္ဍာ,သစ်သားဘဏ္ဍာ,မြေဘဏ္ဍာတို့နှင့်စပ်၍ မြတ်ဗုဒ္ဓခွင့်ပြုတော်မူပုံကို ဖြေဆို၍၊ အနာထပိဏ်သူဌေးကြီး၏ အံ့သြဖွယ်ရာစွန့်လွှတ်လှူဒါန်းမှုကို မြင်၍ အခွင့်အရေး(နေရာ)တောင်းသော ဇေတမင်းသားအား သူဌေးကြီးက မည်သို့ကြံစည်၍ ပေးသည်ကိုလည်း ဖြေဆိုပါ။

**အဖြေ။** - လက်နက်ကို ချန်ထား၍ ကြေးသံဘဏ္ဍာအလုံးစုံကို ခွင့်ပြုတော်မူပါသည်။

- အခြေရှည်သော ညောင်စောင်းကိုလည်းကောင်း,အခြေ၌ သားရဲရုပ်တပ်သော ပလ္လင်ကိုလည်းကောင်း, သစ်သားအပိတ်ကိုလည်းကောင်း,သစ်သားခြေနင်းကိုလည်းကောင်း ချန်ထား၍ သစ်ဘဏ္ဍာအလုံးစုံကို ခွင့်ပြုတော်မူပါသည်။
- ခြေပွတ်ကိုလည်းကောင်း, မြေကုဋီကိုလည်းကောင်း ချန်ထား၍ မြေဘဏ္ဍာအလုံးစုံကို ခွင့်ပြုတော်မူပါသည်။ (မြန်-၂၉၃)(၂-မှတ်စီ-၆-မှတ်)
- အနာထပိဏ်သူဌေးကြီးအကြံ - ဤဇေတမင်းသားသည် ထင်ရှား၏၊ ထင်ရှားသောလူပေတည်း။ သာသနာတော်၌ ဤကဲ့သို့ ထင်ရှားသောလူတို့၏ ကြည်ညိုမှုသည် များစွာကျေးဇူးရှိ၏-ဟု ဝုံးပိုက်လျက် ထိုနေရာကို ဇေတမင်းသားအား ပေး၏။ (မြန်-၃၁၁)(၄-မှတ်)

**၅-မေး။** ရှင်ရဟန်းတို့ ရှိခိုးထိုက်သောပုဂ္ဂိုလ်တို့ကို ဖြေဆို၍၊ စာချ/စာသင်ပြုလုပ်ရာ၌ နေရာနှင့်စပ်၍ စည်းကမ်းချက် ကိုလည်း ထုတ်ပြကာ၊ ဆွမ်းညွန်ရဟန်း ခွင့်ပြုတော်မူရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

**အဖြေ။** ရှိခိုးထိုက်သောပုဂ္ဂိုလ်(၃)ယောက် ---

၁။ မိမိထက် ရှေးဦးစွာပဥ္စင်းဖြစ်သောသူ(သီတင်းကြီး)

၂။ နာနာသံဝါသက ဓမ္မဝါဒီသီတင်းကြီး

၃။ မြတ်စွာဘုရား။ **(မြန်-၃၁၆)(၃-မှတ်)**

- စည်းကမ်းချက်

စာချသောပုဂ္ဂိုလ်သည် တရားကို ရိုသေသဖြင့် တူသောနေရာ၌လည်းကောင်း၊ မြင့်သောနေရာ၌ လည်းကောင်း ထိုင်ရမည်။

စာသင်သောပုဂ္ဂိုလ်သည် တရားကို ရိုသေသဖြင့် တူသောနေရာ၌လည်းကောင်း၊ နိမ့်သောနေရာ၌ လည်းကောင်း ထိုင်ရမည်။ **(မြန်-၃၂၃)(၄-မှတ်)**

- ဆွမ်းညွှန်ရဟန်းခွင့်ပြုရခြင်းအကြောင်း

ဆဗ္ဗဂ္ဂီရဟန်းတို့သည် မိမိတို့အတွက် မွန်မြတ်သောဘတ်တို့ကို ယူကြပြီးလျှင် ယုတ်ညံ့သော ဘတ်တို့ကို ရဟန်းတို့အား ပေးလှူကြသောကြောင့် ဖြစ်ပါသည်။ **(မြန်-၃၃၃)(၃-မှတ်)**

**၆-မေး။** လောက၌ ကောင်းကောင်းဆိုးဆိုးမည်သည့်အမှုကို ပြုသည်ဖြစ်စေ ဝေဖန်ခြင်းမှ မလွတ်ကင်း တတ်ကြရာ သံဃာတော်များက အရှင်ဒေဝဒတ်အပေါ် ပကာသနီယကံပြုပုံနှင့်စပ်၍ ဝေဘန်မှုအမျိုးမျိုးကို ဖြေဆိုပြီး၊ ရဟန်းသုံးပါး တစ်ပေါင်းတည်း ခံအပ်သောဘောဇဉ်ကို ပညတ်တော်မူရခြင်း အကျိုးတရား(၃)ပါးကိုလည်း ဖြေဆိုပါ။

**အဖြေ။** - ဝေဖန်မှုအမျိုးမျိုး

၁။ ယုံကြည်မှု ကြည်ညိုမှု သိမှုမရှိသူတို့သည် "ဤသာကီဝင်မင်းသား ဘုရားအနွယ်တော်ဖြစ်သော ရဟန်းတို့သည် ငြူစူကုန်၏၊ ဒေဝဒတ်၏ လာဘ်သပ်ပကာကို ငြူစူကုန်၏"ဟု ဝေဘန်ကြကုန်၏။

၂။ ယုံကြည်မှု ကြည်ညိုမှု သိမှုရှိသူ လူပညာရှိတို့သည် "မြတ်စွာဘုရားသည် ဒေဝဒတ်ကို ရာဇဂြိုဟ်ပြည်၌ ထင်ရှားအောင် ပြစေခြင်းသည် ယုတ်ညံ့မည် မဟုတ်"ဟု ဝေဘန်ကြကုန်၏။ **(မြန်-၃၅၅)(၆-မှတ်)**

အကျိုး(၃)မျိုး--

၁။ သီလမရှိသောရဟန်းတို့ကို နှိမ်နင်းနိုင်ခြင်း၊

၂။ သီလချစ်သောရဟန်းတို့ ချမ်းသာစွာ နေနိုင်ခြင်း၊

၃။ ဒါယကာတို့ကို ချီးမြှောက်နိုင်ခြင်း။ **(မြန်-၃၆၃)(၄-မှတ်)**

၇-မေး။ သံဃာအသင်း ခွဲနိုင်သောပုဂ္ဂိုလ်,မခွဲနိုင်သောပုဂ္ဂိုလ်တို့ကို ဖြေဆို၍၊ ကျောင်းသန့်ရှင်းရေးပြုလုပ်ရာ၌ မြေကြီးနှင့်စပ်၍ သန့်ရှင်းရေးအစီအစဉ်(၂)ရပ်ကိုလည်း ဖြေဆိုပါ။

အဖြေ။ သံဃာအသင်းခွဲနိုင်သော ပုဂ္ဂိုလ် - ပကတတ်ဖြစ်သော တူမျှသောပေါင်းသင်းမှုရှိသော တူမျှသော သိမ်၌တည်သော ရဟန်း ဖြစ်ပါသည်။

သံဃာအသင်းမခွဲနိုင်သော ပုဂ္ဂိုလ် - ဘိက္ခုနီ, သိက္ခမာန်, သာမဏေ, သာမဏေမ, ဥပါသကာ, ဥပါသိကာမတို့ဖြစ်ပါသည်။ (မြန်-၃၇၃/၃၇၄)(၆-မှတ်)

- မည်းသောအဆင်းဖြင့် အပြေအပြစ်ပြုထားသော မြေသည် မှိုတက်အံ့၊ ပုဆိုးကြမ်းကို ရေဆွတ်၍ ညှစ်ပြီးလျှင် သုတ်ရမည်။
- အပြေအပြစ်မပြုသော မြေဖြစ်အံ့၊ ရေဖြန်း၍ "ကျောင်းကို မြူမတက်ပါစေလင့်"ဟုနှလုံးသွင်း၍ တံမြက်လှည်းရမည်။ (မြန်-၃၈၁)(၄-မှတ်)

၈-မေး။ အလိုက်မသိ အရိပ်အကဲနားမလည်သော ဆွမ်းခံရဟန်း မဖြစ်ရလေအောင် ဒါယကာဒါယိကာမတို့၏ မည်သို့သောအရိပ်အကဲကိုကြည့်၍ ဆွမ်းခံရပ်သင့်သည်ကို ဖြေဆိုပြီး၊ ဥပဇ္ဈာယ်ဆရာတော်နှင့်အတူ ဆွမ်းခံကြွသော နောက်လိုက်ရဟန်း၏ ဆောင်ရန်/ရှောင်ရန်ကျင့်ဝတ်တို့ကိုလည်း ဖြေဆိုပါ။

အဖြေ။ ဆွမ်းခံရပ်သင့်ပုံ - လုပ်ဆဲအလုပ်ကို ချသော်လည်းကောင်း, နေရာမှထသော်လည်းကောင်း, ယောက်မကိုသုံးသပ်သော်လည်းကောင်း, အိုးခွက်ကိုသုံးသပ်သော်လည်းကောင်း, ရပ်စေသော်လည်းကောင်း "လှူလိုရာ၏"ဟု နှလုံးပြု၍ ရပ်ရမည်။ (မြန်-၃၈၉)(၅-မှတ်)

- ဆောင်ရန် - သပိတ်လဲလှယ်ခြင်းကို လှမ်းယူရခြင်း, ဥပဇ္ဈာယ်ဆရာသည် အာပတ်နှင့် နီးစပ်သော စကားကို ပြောဆိုခဲ့သော် တားမြစ်ရခြင်း။

ရှောင်ရန် - ဝေးလွန်းစွာမသွားရခြင်း, နီးလွန်းစွာမသွားရခြင်း, ဥပဇ္ဈာယ်ဆရာ စကားပြောဆိုစဉ် အကြားအကြား၌ စကားမပြောရခြင်း။ (မြန်-၃၉၇)(၅-မှတ်)

**၉-မေး။** (၈)ခုမြောက်ဖြစ်သော သာသနာတော်၏ အံ့ဖွယ်ကို ဥပမာဖြင့် ရှင်းလင်းဖြေဆို၍ (၇)ခုမြောက် ဂုဏ်ကိုလည်း တိကျစွာ ဖြေဆိုပါ။

**အဖြေ။** (၈) ခုမြောက်သာသနာ့အံ့ဖွယ် === မဟာသမုဒ္ဒရာသည် တိမိမည်သောငါး, တိမိင်္ဂလမည်သောငါး, တိမိတိမိင်္ဂလမည်သောငါး, အသူရာ,နဂါး,ဂန္ဓဗ္ဗနတ်ဟူသော သတ္တဝါကြီးတို့၏လည်းကောင်း၊ ယူဇနာတစ်ရာ,နှစ်ရာ,သုံးရာ,လေးရာ,ငါးရာတိုင်အောင် အတ္တဘောကြီးမားသောသတ္တဝါတို့၏ လည်းကောင်း နေရာဖြစ်သကဲ့သို့ ဤအတူပင် ဤဓမ္မဝိနယသာသနာတော်သည် သောတာပန်ပုဂ္ဂိုလ်, သောတာပတ္တိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, သကဒါဂါမ်ပုဂ္ဂိုလ်, သကဒါဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, အနာဂါမ်ပုဂ္ဂိုလ်, အနာဂါမိမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်,အရဟတ္တမဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်-ဟူသော ကြီးမြတ်သောသတ္တဝါတို့၏ နေရာဖြစ်ခြင်း ဖြစ်ပါသည်။ (မြန်-၄၂၄)(၆-မှတ်)

- (၇)ခုမြောက် ဂုဏ် - ဘိက္ခုနီမသည် ရဟန်းယောက်ျားကို တစ်စုံတစ်ခုသောအကြောင်းဖြင့် မဆဲရေးအပ်, မရေရွတ်အပ်။ (မြန်-၄၄၆)(၄-မှတ်)

**၁၀-မေး။** မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူကြောင်းကိုကြားသိရ၍ လူးလိမ့်ငိုကြွေးသော ရဟန်းတော်များအား အရှင်မဟာကဿပမထေရ် ဟောကြားအပ်သော သောကကင်းဝေး တရားဆေးကို ဖြေဆို၍ ဒုတိယသံဂါယနာတင် အခမ်းအနားဌ် အမေး,အဖြေတာဝန်ယူသော မထေရ်တို့ကိုလည်း တိတိကျကျ ညွှန်ပြပါ။

**အဖြေ။** - "ငါ့ရှင်တို့ တန်ကြလော့၊ မစိုးရိမ်မပူဆွေးကြလင့်၊ မငိုကြွေးကြလင့်၊ ချစ်ခင်မြတ်နိုးသော သူအားလုံးတို့နှင့် ရှင်လျက်ကွဲကွာခြင်း သေ၍ကွဲကွာခြင်း ဘဝခြားလျက်ကွဲကွာခြင်း ဤသို့ကွဲကွာခြင်းများကို ရှေးမဆွကပင် မြတ်စွာဘုရား ဟောကြားခဲ့ပြီ မဟုတ်ပါလော၊ ငါ့ရှင်တို့ ဤအရာဌ် အသစ်ဖြစ်ပေါ်လာခြင်း ထင်ရှားဖြစ်ပေါ်လာခြင်း ပြုပြင်ပေးရခြင်း ပျက်စီးခြင်းသဘောရှိသော အရာဝတ္ထုကို မပျက်စီးပါစေလင့်-ဟု လိုလားတောင့်တချက်အတိုင်း အဘယ်မှာရနိုင်ပါအံ့နည်း။ ဤသို့ ရနိုင်ရန် အကြောင်းမရှိချေ" ဟု ဟောကြားခဲ့ပါသည်။ (မြန်-၄၈၁)(၆-မှတ်)

- အမေးတာဝန် - အရှင်ရေဝတမထေရ်
- အဖြေတာဝန် - အရှင်သဗ္ဗကာမီမထေရ် (မြန်-၅၀၀/၁)(၄-မှတ်)

၁၃၈၈-ခုနှစ်၊ ပိဋကတ်မြန်မာပြန်စာမေးပွဲ

## စူဠဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေ

မေး ၁။ ကမ္မက္ခန္ဓကလာ တဇ္ဇနီယကံပြုခံသော ရဟန်းတို့၏ ကံငြိမ်းအေးရန် သံဃာတော်အား မည်သို့ မည်ပုံ အခြင်းအရာဖြင့် မည်သို့လျှောက်ထားတောင်းပန်ရမည်ကို ဖြေဆို၍၊ ပဗ္ဗာဇနီယကံ ပြုခံရမည့် ရဟန်းတို့၏ စားပုံ, သောက်ပုံကိုလည်း ဖြေဆိုပါ။

ဖြေ ၁။ အဖြေ=

တဇ္ဇနီယကံပြုခံရသောရဟန်းတို့သည် သံဃာသို ချဉ်းကပ်၍, လက်ဝဲတဖက်ပခုံးထက်၌ ကိုယ်ဝတ်ကို စမွယ် တင်လျက်, သီတင်းကြီးရဟန်းတို့၏ခြေတို့ကို ရှိခိုး၍, ဆောင့်ကြောင့်ထိုင်က, လက်အုပ်ချီပြီးလျှင် ဤသို့ လျှောက်ထားရမည်။

'အသျှင်ဘုရားတို့.. သံဃာက တဇ္ဇနီယကံ ပြုထားသောကြောင့် အကျွန်ုပ်သည် ကောင်းစွာ ကျင့်ပါကုန်၏၊ (မာန်တည်းဟူသော)အမွေးကို ချပါကုန်၏၊ ကံမှ ထွက်မြောက်ကြောင်း ကျင့်ဝတ်ကို ကျင့်ပါကုန်၏၊ တဇ္ဇနီယကံ၏ ငြိမ်းခြင်းကို တောင်းပါကုန်၏' ဟု သုံးကြိမ်တိုင်တိုင် တောင်းပန်ရပါမည်။

(၆-မှတ်) (နှာ-၁၂)

စားပုံ သောက်ပုံ---

အမျိုးမိန်းမ အမျိုးသမီးငယ် အမျိုးချွေးမ အမျိုးကျွန်တို့နှင့်အတူ တစ်ခုတည်းသော ခွက်၌လည်း စားကုန်၏၊ သောက်ရေခွက် တစ်ခုတည်း၌လည်း သောက်ကုန်၏။ (၄-မှတ်) (နှာ-၂၂)

## စူဠဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေ

မေး ၂။ ပရိဝါသ်ကျင့်သုံးသောရဟန်း၏ ညစ်ပြတ်ခြင်း(၃)မျိုးကို ဖြေဆို၍၊ စင်ကြယ်ခြင်း အဆုံးရှိသော (သုဒ္ဓန္တ)ပရိဝါသ် ပေးရမည့်ရဟန်း၏ အဓိကကျသော အင်္ဂါ(၃)ချက်ကိုလည်း ဖြေဆိုပါ။

ဖြေ ၂။ ညစ်ပြတ်ခြင်း (၃) မျိုး

၁။ ကျောက်ကုန်းဆန့်လျက် အိပ်ခြင်းဟူသော အတူအိပ်ခြင်း၊

၂။ ပကတတ်ရဟန်းနှင့် ကင်းကွာ၍နေခြင်း၊

၃။ ဝတ်မကြားခြင်း၊ (၅-မှတ်) (နှာ-၈၂)

သုဒ္ဓန္တပရိဝါသ်ပေးရမည့်ရဟန်းအင်္ဂါ (၃) ချက်

၁။ အာပတ်အပိုင်းအခြားကို မသိ, ညဥ့်အပိုင်းအခြားကို မသိ၊

၂။ အာပတ်အပိုင်းအခြားကို သတိမရ, ညဥ့်အပိုင်းအခြားကို သတိမရ၊

၃။ အာပတ်အပိုင်းအခြားကို ယုံမှားရှိ, ညဥ့်အပိုင်းအခြားကို ယုံမှားရှိ။ (၅-မှတ်) (နှာ-၁၄၈)

## စူဠဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေ

မေး ၃။ သမထက္ခန္ဓကလာ အတ္တဟိတနှင့်ပြည့်စုံပြီး ပရဟိတကို ဆောင်ရွက်လိုသော ရဟန်းတော်၏ အမည်နှင့် အကြံအစည်တို့ကို ဖြေဆို၍၊ စာရေးတံမဲ (၃)မျိုးကိုလည်း ဖြေဆိုပါ။

ဖြေ ၃။ အဖြေ=

ရဟန်းတော်အမည်- မလ္လမင်း၏သားဖြစ်သော အရှင်ဒဗ္ဗ၊

အကြံအစည်- ဖွားမြင်သည်မှ ခုနစ်နှစ်မျှသာရှိသေးသော ငါသည် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခဲ့ပြီ၊ (ငါသည်) တပည့်သာဝကတို့ ရောက်သင့်ရောက်ထိုက်သော အလုံးစုံသော တရားသို့ အစဉ်ရောက်ခဲ့ပြီ၊ ငါ့အား တစ်စုံတစ်ရာသော ရဟန်းကိစ္စ နောက်ထပ်ပြုဖွယ် မရှိတော့ပြီ၊ ပြုအပ်ပြီးသော တရားကိုလည်း ထပ်၍ ပွါးများဖွယ် မရှိတော့ပြီ၊ ငါသည် သံဃာတော်၏ အဘယ် မည်သော အမှုကြီးငယ်ကို ပြုရပါအံ့နည်း။

ငါသည် သံဃာတော်၏ အိပ်ရာနေရာကိုလည်း ခင်းရမူ, ဆွမ်းတို့ကိုလည်း ညွှန်းရမူ ကောင်းလေစွ။ (၆-မှတ်) (နှာ-၁၈၅)

**စာရေးတံမဲ (၃)မျိုး**

၁။ သိစေရန် လျှို့ဝှက်သော စာရေးတံမဲ
၂။ မိမိနားရင်း၌ ကပ်၍ ပေးသော စာရေးတံမဲ
၃။ ပွင့်လင်းသော စာရေးတံမဲ။ (၄-မှတ်) (နှာ-၂၂၄)

## စူဠဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေ

မေး ၄။ ခုဒ္ဒကဝတ္ထုလာ ဆံပင်နှင့်ပတ်သက်၍ ဆဗ္ဗဂ္ဂီရဟန်းတို့ ပြုလုပ်သောအရာတို့ ဖြေဆို၍၊ ရဟန်းတော်များ၏ ကျန်းမာရေးအတွက် ဘုရားရှင်ထံ သမားတော်ဇီဝကတောင်းဆိုသော အရာတို့ကိုလည်း ဖြေဆိုပါ။

ဖြေ ၄။ အဖြေ=

**ဆံပင်နှင့်စပ်၍ ဆဗ္ဗဂ္ဂီတို့ပြုလုပ်သော အမှုများ--**

ဆံပင်အရှည်ထားခြင်း၊ ဝက်မှင်ဘီး(ပန်းရင်းမြက်ဘီး)ဖြင့် ဆံဖြီးခြင်း၊ ဆင်စွယ်ဘီးဖြင့် ဆံဖြီးခြင်း၊ လက်ဘီးဖြင့် ဆံဖြီးခြင်း၊ ဖယောင်းဆီဖြင့် ဆံဖြီးခြင်း၊ ရေနှင့်ရောသောဆီဖြင့် ဆံဖြီးခြင်း။ ကတ်ကြေးဖြင့် ဆံဖြတ်ခြင်း။ (၆-မှတ်) (နှာ-၂၄၀-၂၄၈)

**သမားတော်ဇီဝကတောင်းဆိုသောအရာ**

၁။ စင်္ကြံသွားခြင်း ၂။ ဇရုံးအိမ်။ (၄-မှတ်) (နှာ-၂၅၆)

မေး ၅။ ဥပါသကာ၏ သပိတ်မှောက်ထိုက်သော အင်္ဂါတို့ကို ဖြေဆို၍၊ ၎င်းသပိတ်မှောက်-ဟူသော အသုံးအနှုန်း၏ ဆိုလိုရင်းအဓိပ္ပါယ်ကို ဖြေဆိုပြီး၊ ရဟန်းတော်တို့အား အပ်စပ်သော ခါးပန်းကြိုးတို့ကိုလည်း ဖြေဆိုပါ။

ဖြေ ၅။ အဖြေ=

ဥပါသကာ၏ သပိတ်မှောက်ထိုက်သော အင်္ဂါ

၁။ ရဟန်းတို့အား လာဘ်မရစိမ့်သောငှါ အားထုတ်ခြင်း

၂။ ရဟန်းတို့အား အကျိုးမဲ့စိမ့်သောငှါ အားထုတ်ခြင်း

၃။ ရဟန်းတို့အား နေရာမရစိမ့်သောငှါ အားထုတ်ခြင်း

၄။ ရဟန်းတို့ကို ဆဲရေးခြင်း ခြိမ်းချောက်ခြင်း

၅။ ရဟန်းအချင်းချင်း ကွဲပြားစေခြင်း

၆။ မြတ်စွာဘုရား၏ ကျေးဇူးမဲ့ကို ပြောခြင်း

၇။ တရား၏ ကျေးဇူးမဲ့ကို ပြောခြင်း ၈။ သံဃာ၏ ကျေးဇူးမဲ့ကို ပြောခြင်း။ (၅-မှတ်)

သပိတ်မှောက်-ဟူသည်

သံဃာနှင့် ဆက်ဆံမှု မပြုအောင် ကံဆောင်ခြင်း ဖြစ်ပါသည်။ (၂-မှတ်) (နာ-၂၆၅)

အပ်စပ်သော ခါးပန်းကြိုး

၁။ ကြိုးခါးပန်း ၂။ ဝက်အူသဏ္ဍာန်ပြုအပ်သော ခါးပန်းကြိုး။ (၃-မှတ်) (နာ-၂၈၀)

## ဗုဒ္ဓဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေ

မေး ၆။ ကျောင်းအတွက် ဘုရားရှင် ခွင့်ပြုအပ်သော သံကောက် (၃) မျိုးကို ဖြေဆို၍၊ ယောက်ဖတော် ရာဇဂြိုဟ်သူဌေး၏ အပြုအမူနှင့် ပတ်သက်၍ အနာထပိဏ်သူဌေးအား အကြံအစည် ဖြစ်ပုံကိုလည်း ဖြေဆိုပါ။

ဖြေ ၆။ အဖြေ=

ဘုရားရှင်ခွင့်ပြုအပ်သော သံကောက် (၃)မျိုး

၁။ ကြေးသံကောက်

၂။ သစ်သားသံကောက် ၃။ သားချိုသံကောက်။ (၃-မှတ်) (နာ-၂၉၇)

အနာထပိဏ်သူဌေး၏ အကြံအစည်

ဤသူဌေးသည် ရှေးက ငါလာသော် ကိစ္စအားလုံးကို ဖယ်ထား၍ ငါနှင့်အတူပင် ဝမ်းမြောက်ဝမ်းသာ ပြောဆို၏၊ ယခုမူ ထိုသူဌေးသည် ပျံ့လွင့်သော သဘောရှိလျက် ကျွန်တို့ကိုရင်း အမှုလုပ်သမားတို့ကိုရင်း 'အချင်းတို့.. ဂရုစိုက်ကုန်လော့၊ စောစောထ၍ ယာဂုကျိုကုန်လော့၊ ဆွမ်းချက်ကုန်လော့၊ လက်သုပ်တို့ကို ပြည့်စုံစေကုန်လော့'ဟု စေခိုင်းဘိ၏။

အသို့နည်း- သူဌေးအား သမီးပေးမင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ သမီးယူမင်္ဂလာပွဲပင် ဖြစ်လိမ့်မည်လော၊ ယဇ်ကြီးကိုပင် ဆောက်တည်သလော၊ မဂဓတိုင်းရှင် သေနိယမည်သော ဗိမ္ဗိသာရမင်းကိုပင် စစ်သည်အပေါင်းနှင့်တကွ နက်ဖြန်အတွက် ဖိတ်ကြားထားလေသလော။ (၈-မှတ်) (နာ-၃၀၆)

မေး ၇။ မစွန့်ထိုက်သော သံဃိကဘဏ္ဍာတို့တွင် သုံးခုမြောက်ဘဏ္ဍာအစုကို စွန့်ပါက သင့်ရောက်သော အပြစ်နှင့်တကွ ဖြေဆို၍၊ ခဲဖွယ်ခွဲဝေသော ရဟန်း ပြည့်စုံရမည့်စည်းကမ်းကိုလည်း ဖြေဆိုပါ။

ဖြေ ၇။ အဖြေ=

တတိယဘဏ္ဍာအစု- ညောင်စောင်း, အင်းပျဉ်, ဘုံလျို-ဖုံ, ခေါင်းအုံး။ (၃-မှတ်)

၎င်းဘဏ္ဍာတို့ကို စွန့်ပါက ထုလ္လစ္စဉ်းအာပတ် သင့်၏။ (၃-မှတ်) (နှာ-၃၂၇)

**ခဲဖွယ်ခွဲဝေသောရဟန်း ပြည့်စုံရမည့်စည်းကမ်း-**

၁။ ဆန္ဒာဂတိသို့လည်း မလိုက်ရာ

၂။ ဒေါသာဂတိသို့လည်း မလိုက်ရာ

၃။ မောဟာဂတိသို့လည်း မလိုက်ရာ

၄။ ဘယာဂတိသို့လည်း မလိုက်ရာ

၅။ ဝေပြီး မဝေရသေးကိုလည်း သိရာ၏။ (၄-မှတ်) (နှာ-၃၃၄)

## စူဠဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေ

မေး ၈။ ဘုရားရှင်အား အရှင်ဘဒ္ဒိယဖြေရှင်းလျှောက်ထားသော ရဟန်းဘဝ၏ လွတ်လပ်ပေါ့ပါး ချမ်းသာပွါးရပုံကို ဖြေဆို၍၊ အဇာတသတ်မင်းသား၏ ဆည်းကပ်ကိုးကွယ်ခြင်းခံရသော အရှင်ဒေဝဒတ်နှင့် ပတ်သက်၍ ဘုရားရှင်ဟောကြားအပ်သော အနှစ်ချုပ်တရားတော်ကိုလည်း ဖြေဆိုပါ။

ဖြေ ၈။ အဖြေ=

အသျှင်ဘုရား.. အကျွန်ုပ်သည် ရှေးအခါ မင်းဖြစ်စဉ် နန်းတော်တွင်း၌လည်း အစောင့် အရှောက်ကို ကောင်းစွာစီရင်ရပါ၏၊

နန်းတော်ပြင်ပ၌လည်း--၊

မြို့တွင်း၌လည်း-၊

မြို့ပြင်၌လည်း-၊

ဇနပုဒ်၌လည်း-၊

အသျှင်ဘုရား... အကျွန်ုပ်သည် ဤသို့စောင့်ရှောက်အပ်သော်လည်း လုံခြုံစေအပ်သော်လည်း ကြောက်လျက်ပင် ထိတ်လျက်ပင် ရွံ့ရှာလျက်ပင် တုန်လှုပ်လျက်ပင် နေရပါ၏။

အသျှင်ဘုရား... ယခုမူ အကျွန်ုပ်သည် တောသို့ ကပ်သော်၎င်း သစ်ပင်ရင်းသို့ ကပ်သော်၎င်း ဆိတ်ငြိမ်ရာသို့ ကပ်သော်၎င်း မကြောက်မထိတ် မရွံ့ရှာ မတုန်လှုပ်ဘဲ မကြောင့်ကြမူ၍ မာန်မာန တည်းဟူသော အမွေးကို ချလျက် သူတပါး ပေးလှူသောပစ္စည်းဖြင့် အသက်မွေးပြီးလျှင် သားသမင် သဖွယ် လွတ်လပ်သောစိတ်ဖြင့် နေရပါ၏။

အသျှင်ဘုရား... အကျွန်ုပ်သည် ဤအကျိုးထူးကို မြင်သောကြောင့် တောသို့ ကပ်သော်၎င်း သစ်ပင်ရင်းသို့ ကပ်သော်၎င်း ဆိတ်ငြိမ်ရာသို့ ကပ်သော်၎င်း 'ဩော် ချမ်းသာလေစွ ဩော် ချမ်းသာလေစွ'ဟု ဥဒါန်း မပြတ်ကျူးရင့်ပါ၏။ (၅-မှတ်) (ပြန်-၃၄၆)

တရားအနှစ်ချုပ်-- ငှက်ပျောသီးသည် စင်စစ် ငှက်ပျောပင်ကို သတ်သကဲ့သို့, ဝါးသီးသည် ဝါးပင်ကို သတ်သကဲ့သို့, ကျူသီးသည် ကျူပင်ကို သတ်သကဲ့သို့, ကိုယ်ဝန်သည် အဿတိုရ်မြင်းမကို သတ်သကဲ့သို့ ပူဇော်သက္ကာသည် ယုတ်မာသူကို သတ်၏။ (၅-မှတ်) (နှာ-၁၈၁)

မေး ၉။ အလှူရှင်ကြည်ဖြူမှ အလှူခံခွင့်ရှိသော ရှင်ရဟန်းတို့အနေဖြင့် ဆွမ်းခံရပ်ရာ၌ အလှူရှင်ကြည်ဖြူ/ မကြည်ဖြူ မည်သို့သိမှ ဆွမ်းရပ်ရမည်ကို ဖြေဆို၍၊ သာသနာ့အံ့ဖွယ် နောက်ဆုံး (၃)မျိုးကိုလည်း ဖြေဆိုပါ။

ဖြေ ၉။ အဖြေ=

အလှူရှင် ကြည်ဖြူ မကြည်ဖြူ မည်သို့ သိရမည်နည်း

ယောက်မကို သုံးသပ်သော်ငင်း၊ အိုးခွက်ကို သုံးသပ်သော်ငင်း၊ ရပ်စေသော်ငင်း၊ 'လောင်းလှူလို၏'ဟု နှလုံးပြု၍ ဆွမ်းရပ်ရမည်။ ထိုသို့ မသုံးသပ် မရပ်စေသော် 'လောင်းလှူလိုခြင်း မရှိ'ဟု နှလုံးပြု၍ ဖဲသွားရမည်။ (၄-မှတ်) (နှာ-၃၈၉)

သာသနာ့အံ့ဖွယ် နောက်ဆုံး (၃) ပါး

၁။ ဤဓမ္မဝိနယသာသနာတော်၌ လွတ်မြောက်မှု(အရဟတ္တဖိုလ်)အရသာ တစ်မျိုးသာရှိ၏။

ရဟန်းတို့.. ယင်းသို့လွတ်မြောက်မှု (အရဟတ္တဖိုလ်)အရသာ တစ်မျိုးတည်းသာ ရှိခြင်းသည်လည်း ဤဓမ္မဝိနယသာသနာတော်၌ မဖြစ်ဘူးမြဲဖြစ်သော ဆဋ္ဌအံ့သြဖွယ် သဘောပေတည်း၊ ယင်းသို့ မြင်ကုန်မြင်ကုန်၍ ရဟန်းတို့သည် ဤဓမ္မဝိနယသာသနာတော်၌ အလွန်မွေ့လျော်ကုန်၏။

၂။ ဤဓမ္မဝိနယသာသနာတော်သည် သတိပဋ္ဌာန်လေးပါး သမ္မပ္ပဓာန်လေးပါး ဣဒ္ဓိပါဒ်လေးပါး ဣန္ဒြေငါးပါး ဗိုလ်ငါးပါး ဗောဇ္ဈင်ခုနစ်ပါး ဖြူစင်သော အင်္ဂါရှစ်ပါးရှိသော မဂ်ဟူသော များသော ရတနာ မရေတွက်နိုင်သော ရတနာ ရှိ၏။

၃။ ဤဓမ္မဝိနယသာသနာတော်သည် သောတာပန်ပုဂ္ဂိုလ် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် သကဒါဂါမ်ပုဂ္ဂိုလ် သကဒါဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် အနာဂါမ်ပုဂ္ဂိုလ် အနာဂါမိဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုရန် ကျင့်ဆဲပုဂ္ဂိုလ် ဟူသော ကြီး(မြတ်)သော သတ္တဝါတို့၏ နေရာဖြစ်၏။ (၆-မှတ်) (နှာ-၄၂၃-၄)

စူဠဝါပါဠိတော်မြန်မာပြန်- မေးခွန်း+အဖြေ

မေး ၁၀။ ဘိက္ခုနီမတို့ အသက်ထက်ဆုံး လိုက်နာရမည့် ကျင့်ဝတ်(ဂရုဓမ်)တို့တွင် ရှေ့ဆုံး(၃)ပါးကို ဖြေဆို၍၊ ပထမသံဂါယနာတင်ခြင်းနှင့် ပတ်သက်၍ မထေရ်မြတ်တို့၏ သံမဏာစည်းမျဉ်း (၃)ချက်ကိုလည်း ဖြေဆိုပါ။

ဖြေ ၁၀။

ဂရုဓမ် ရှေ့ (၃) ပါး

၁။ ဘိက္ခုနီမသည် ပဋ္ဌင်းဖြစ်၍ ဝါတစ်ရာရှိသော်လည်း ထိုနေ့ပဋ္ဌင်းဖြစ်သော ရဟန်းအား ရှိခိုးခြင်း ခရီးဦးကြိုဆိုခြင်း လက်အုပ်ချီခြင်း ရိုသေခြင်းအမှုကို ပြုရမည်၊ ဤတရားကိုလည်း ရိုသေ၍ လေးစား၍ မြတ်နိုး၍ ပူဇော်၍ အသက် ထက်ဆုံး မလွန်ကျူးအပ်။

၂။ ဘိက္ခုနီမသည် ရဟန်းယောကျ်ားမရှိသော ကျောင်း၌ ဝါမဆိုအပ်။ ၃။ ဘိက္ခုနီမသည် လခွဲတိုင်း လခွဲတိုင်း ဘိက္ခုသံဃာထံမှ ဥပုသ်ကို မေးခြင်း, အဆုံးအမခံရန် ချဉ်းကပ်ခြင်း- ဟူသော တရားနှစ်ပါးတို့ကို လိုလား တောင့်တရမည်။ (၅-မှတ်) (နှာ-၄၄၅)

သံဂါယနာ သံမဏာစည်းမျဉ်း (၃) ချက်

၁။ သံဃာသည် မပညတ်သေးသည်ကို မပညတ်ရာ၊

၂။ ပညတ်ပြီးသည်ကို မဖြတ်တောက်ရာ၊

၃။ ပညတ်ပြီးအတိုင်း သိက္ခာပုဒ်တို့၌ ဆောက်တည်၍ ကျင့်ရာ၏။ (၅-မှတ်) (နှာ-၄၈၆)

## ၂၀၁၉ (၁၃၈၁) ခုနှစ်၊ ပိဋကသုံးပုံ မြန်မာပြန် စာမေးပွဲ

## ရူဋ္ဌပါဠိ မေးခွန်း နှင့်အဖြေ

မေး။ ၁။ တဗ္ဗနီယကံ အပြုခံရသော ရဟန်းကောင်းစွာကျင့်ရမည့် ကျင့်ဝတ်(၁၈)ပါးတွင် ရှေ့ငါးပါးကို ဖော်ပြ၍၊ ကာမဂုဏ်အပြစ်တို့ကို ဥပမာပြဟောတော်မူရာတွင် နောက်ငါးပါးကိုဖြေဆိုပါ။

□□ဖ။၁။ ရှေ့ငါးပါး ဥပဇ္ဈာယ်ပြု၍ရဟန်းခံမပေးရ၊ နိဿရည်းမပေးရ၊ သာမဏေကို မလုပ်ကျွေးစေရ၊ ရဟန်း မိန်းမတို့အား ဆုံးမရန်သမုတ်ခြင်းကို မသာယာ မနှစ်သက်ရ၊ သမုတ်ခံရသော်လည်း ရဟန်းမိန်းမတို့ ကို ဩဝါဒ မပေးရ။ (၅-မှတ်) (စာ-၁၀)

ကာမဂုဏ်တို့သည် အငှားပစ္စည်းနှင့်တူကုန်၏၊ အသီးရှိသောအပင်နှင့် တူကုန်၏၊ စဉ်းတီးတုံးနှင့်တူကုန်၏၊ လှံတံကျင်နှင့်တူကုန်၏၊ မြွေဦးခေါင်းနှင့်တူကုန်၏၊ (၅-မှတ်)(စာ-၆၅)

မေး။ ၂။ ပရိဝါသ်ဆောက်တည်သောရဟန်း၏ ကျင့်ဝတ် (၉၄)ပါးတို့တွင် အဆုံးလေးပါးကိုသာပြဆို၍ အဂ္ဃသမောဓာနပရိဝါသ်ပေးသင့်သော ရဟန်းကိုလည်းဖြေဆိုပါ။

ဖြေ။။ ၂။□အဆုံးလေးပါး= ပရိဝတ်ဆောက်တည်သော ရဟန်းလျှင် လေးပါးမြောက်ရှိသော (ပရိဝါသ်ဆောက်တည်သော ရဟန်းပါဝင်မှလေးပါးမြောက်ဖြစ်သော) စတုဝဂ်သံဃာသည် ပရိဝါသ်ကို အကယ်၍ပေးငြားအံ့၊ အရင်းသို့ငင်ငြားအံ့၊ မာနတ်ကိုပေးငြားအံ့၊ ပရိဝါသ်နေသော ရဟန်းလျှင် နှစ်ကျိပ်မြောက်ဖြစ်သော ဝီသတိဝဂ်သံဃာသည် အဗ္ဘာန်သွင်းငြားအံ့ ကံမမြောက် ပြုလည်း မပြုအပ်၊
ရဟန်းတစ်ပါးသည် များစွာသောသံဃာဒိသိသ်အာပတ်တို့သို့ ရောက်၏။ အာပတ်တခုကို တရက်ဖုံးလွှမ်း၏၊ အာပတ်တခုကို နှစ်ရက်ဖုံးလွှမ်း၏၊ အာပတ်တခုကို သုံးရက်ဖုံးလွှမ်း၏၊ အာပတ်တခုကို လေးရက်ဖုံးလွှမ်း၏၊ အာပတ်တခုကို ငါးရက်ဖုံးလွှမ်း၏၊ အာပတ်တခုကို ခြောက်ရက်ဖုံးလွှမ်း၏၊ အာပတ်တခုကို ခုနစ်ရက်ဖုံးလွှမ်း၏၊ အာပတ်တခုကို ရှစ်ရက်ဖုံးလွှမ်း၏ ၊ အာပတ်တခုကို ကိုးရက်ဖုံးလွှမ်း၏ အာပတ်တခုကို ဆယ်ရက်ဖုံးလွှမ်း၏၊ ထိုရဟန်းအား ထိုအာပတ်တို့တွင် ဆယ်ရက်ဖုံးလွှမ်းအပ်သော အာပတ်၏ အပိုင်း အခြားအားဖြင့် ပေါင်း၍နေသော ပရိဝါသ်ကို(အဂ္ဃသမောဓာနပရိဝါသ်ကို) ပေးရပါမည်။ ( ၄+၆ =၁၀မှတ်) (စာ-၇၂-၁၃၁)

မေး။ ၃။ တရားနှင့်လျော်သော စာရေးတံမဲယူခြင်း ဆယ်မျိုးကို ဖြေဆိုပါ။

ဖြေ။၃။ အဓိကရုဏ်းသည် သေးလည်း မသေးငယ်၊ နှစ်ကြိမ် သုံးကြိမ် ဆုံးဖြတ်ပြီးလည်းဖြစ်၏၊ နှစ်ကြိမ် သုံး ကြိမ်အမှုသည်ရဟန်းတို့ကို အောက်မေ့စေအပ်၏၊ တပါးသောရဟန်းတို့ကိုလည်း အောက်မေ့စေအပ်၏၊ ဓမ္မဝါဒီတို့ အလွန်များကုန်၏ဟုသိ၏၊ ဓမ္မဝါဒီတို့အလွန်များကုန်တန်ရာ၏ဟု သိ၏၊ သံဃာမကွဲမည်ကို သိ၏၊ သံဃာမကွဲတန်ရာဟု သိ၏၊ တရားသဖြင့် စာရေးတံမဲကယူကုန်၏၊ ညီညွတ်စွာ စာရေးတံမဲ ကို ယူကုန်၏၊ မိမိတို့အယူအဆအတိုင်း စာရေးတံမဲကို ယူကုန်၏၊ (၁၀-မှတ်)(စာ-၂၀၀)

မေး။ ၄။ ခုဒ္ဒကဝတ္ထုလာ ရဟန်းတော်များ ရေးချိုးစဉ်လိုက်နာရမည့်စည်းကမ်းများကိုဖော်ပြ၍၊ အသျှင်ဥရုဝေလကဿပတို့ သာသနာ့ဘောင်ဝင်ရောက်လာခြင်းကြောင့် များပြားလာသော ပစ္စည်းများနှင့် မြတ်စွာဘုရား၏ ခွင့်ပြုချက်ကိုလည်းဖြေဆိုပါ။

ဖြေ။၄။သစ်ပင်၌ရှင်း တိုင်၌ရှင်း နံရံ၌ရှင်း ကျားကွက်ဖော်ထားသော ပျဉ်ပြား၌ရှင်း ခန္ဓာကိုယ် လက်မောင်း ပေါင် ရင် ကျောကုန်းတို့ကိုပွတ်တိုက်၍ ရေမချိုးရ။ သစ်သားလက်ဖြင့်ရှင်းကျောက်မှုန့်ဖြင့်ရှင်း၊ ကိုယ်အချင်း ချင်းရှင်း မကာရ်းသွားချေဖြင့်ရှင်း ခန္ဓာကိုယ် လက်မောင်း ပေါင် ရင် ကျောကုန်းတို့ကို ပွတ်တိုက်၍ ရေ မချိုးရပါ။(၅-မှတ်)(စာ-၂၃၇)

အသျှင်ဥရုဝေလကဿပ သာသနာ့ဘောင်ဝင်ရောက်လာသောအခါ= သံဃာအား များစွာသော သံ ကေးဘဏ္ဍာ သစ်သားဘဏ္ဍာ မြေဘဏ္ဍာတို့ပေါ်များလာပါသည်။
ခွင့်ပြုချက်=
ရဟန်းတို့ လက်နက်ကိုချန်ထား၍ သံကြေးဘဏ္ဍာ အလုံးစုံကိုရှင်း၊ အခြေရှိသော ညောင်စော င်း သားရဲရုပ်တပ်သောပလင် သစ်သားသပိတ် သစ်သားချေနင်းကိုချန်ထား၍ သစ်ဘဏ္ဍာအလုံးစုံကိုရ င်း၊ ကြာချပ်သဏ္ဍာန် ဆူးထနေသော ခြေပွတ်မြေကုဋ္ဋိကိုရင်းချန်ထား၍ မြေဘဏ္ဍာအလုံးစုံကို ခွင့်ပြုေ တော်မူ၏။(၅-မှတ်) (စာ-၂၇၉)

မေး။ ၅။ ကျောင်းဒကာ ရာဇဂြိုဟ်သူဌေးနှင့်အနာထပိဏ်တို့ ကျောင်းရေစက်ချခါနီး ကျောင်းနှင့်စပ်၍ မြတ်စွာဘုရားအားလျှောက်ထားချက်များကို အပိုအလိုမရှိဖော်ပြ၍၊ ကျောင်းခံယူခြင်းသုံးမျိုးကိုလည်း နေ့ရက်တို့နှင့်တွဲစပ်ဖြေဆိုပါ။.

ဖြေ။၅။ လျှောက်ထားချက်= ရာဇဂြိုဟ်သူဌေး= အသျှင်ဘုရား အကျွန်ုပ်သည် ကောင်းမှုကိုလိုသောကြောင့်၎င်း နတ်ပြည်ကိုလိုသောကြောင့်၎င်း ဤခြောက်ဆယ်သော ကျောင်းတို့ကို ဆောက်စေအပ်ပါကုန်၏၊ အသျှင်ဘုရားအကျွန်ုပ်သည် ထိုကျောင်းတို့၌ အဘယ်သို့ပြုကျင့်ရပါမည်နည်း။

အနာထပိဏ်သူဌေး= မြတ်စွာဘုရား အကျွန်ုပ်သည် ဇေတဝန်ကျောင်း၌ အဘယ်သို့ပြုကျင့်ရပါမည်နည်း ဟု လျှောက်၏။ (စာ-၂၉၆-၃၁၀)

ဝါဆိုလပြည့်ကျော်တရက်နေ့၌ ပုရိမဝါကျောင်းခံယူခြင်း၊ ဝါခေါင်လပြည့်ကျော် တရက်နေ့၌ ပစ္ဆိမဝါကျောင်းခံယူခြင်း၊ သီတင်းကျွတ်လပြည့်ကျော် တရက်နေ့၌ နောက်မိုးလပတ်လုံးနေရန် ဝါပကျောင်းခံယူခြင်း၊ (စာ-၃၂၂) (၄+၆-၁၀မှတ်)

မေး။ ၆။ မစွန်ထိုက်သော စတုတ္ထဘဏ္ဍာအစုကိုဖော်ပြ၍၊ အဘယ်သူသည် အဘယ်အလို့ငှာ အဘယ်အကျိုးရှိသော ကျောင်းကိုခွင့်ပြုတော်မူသည်ကို ဖြေဆိုပါ။

ဖြေ။၆။ စတုတ္ထဘဏ္ဍာအစု=ကြေးအိုးကြီး ကြေးအိုးစရည်း ကြေးအင်တွဲ ကြေးဖျဉ်း ပဲခွပ် ပုဆိန် ဓားမ ပေါက်တူးဆောက် ဤကား မစွန့်ထိုက်သော စတုတ္ထဘဏ္ဍာအစုတည်း၊ (စာ-၃၂၆)

ကိလေသာအလုံးစုံကို ဖျက်ဆီးတော်မူတတ်သော လောကကိုသိမြင်တော်မူသော အကျိုးကိုလိုလားသော စိတ်ရှိတော်မူသောမြတ်စွာဘုရားသည် ဈာန်ဝင်စားရန်၎င်း၊ ဝိပဿနာရှုရန်၎င်း ပုန်းအောင်းရသောအကျိုး ချမ်းသာသောအကျိုးရှိသောကျောင်းကို ခွင့်ပြုတော်မူ၏။ (စာ-၃၃၉) (၆+၄=၁၀မှတ်)

မေး။ ၇။ သာကီဝင်မင်းသားတို့သည် မိမိတို့၏အလုပ်အကျွေးဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးပါရန် မြတ်စွာဘုရားအား လျှောက်ထားပုံအခြင်းအရာကိုဖြေဆို၍၊ နာဋ္ဌာဂိရိဆင်ကြီးအား ဦးကင်းကိုပွတ်သတ်လျက် မြတ်စွာဘုရားမိန့်တော်မူသော ဆုံးမစကားကိုလည်း မှတ်သားဖွယ်ဖော်ပြပါ။

ဖြေ။၇။ လျှောက်ထားခြင်းအကြောင်း =အသျှင်ဘုရား အကျွန်ုပ်တို့ သာကီဝင်မင်းတို့မည်သည် မာနကို မှီပါကုန်၏၊ အသျှင်ဘုရား ဤဆတ္တာသည် ဥပါလိသည် အကျွန်ုပ်တို့၏ ကြာမြင့်စွာသောကာလပတ်လုံး အလုပ်အကျွေးပါတည်း၊ ဤဥပါလိကို မြတ်စွာဘုရားသည် ရှေးဦးစွာရဟန်းပြုတော်မူပါ။ ဤဥပါလိအား အကျွန်ုပ်တို့သည် ရှိခိုးမှု ခရီးဦးကြိုဆိုမှု လက်အုပ်ချီမှု ရှိသေမှုကို ပြုပါကုန်အံ့၊ ဤသို့ပြုသော် အကျွန်ုပ် သာကီဝင်တို့၏ သာကီယမာန်သည် ကျပါလတ္တံ့၊ ဤသို့လျှောက်ထားကြပါသည်။ (စာ-၃၄၅)

နာဋ္ဌာဂိရိဆင်ဘုရားတည်းဟူသောဆင်သို့ မချဉ်းကပ်လင့်၊ နာဋ္ဌာဂိရိဆင် ဘုရားတည်းဟူသော ဆင်သို့ချဉ်းကပ်ခြင်းသည် ဆင်းရဲသည်သာတည်း၊ နာဋ္ဌာဂိရိဆင် ဘုရားတည်းဟူသောဆင်ကို သတ်သောသူအား ဤဘဝမှ နောက်ဘဝသို့ သွားသည်ရှိသော် ကောင်းသောဂတိသည် မဖြစ်နိုင် မာန်မယာစ်သည်၊ မမေ့လျော့လင့် ၊ထိုမေ့လျော့သောသူတို့သည် ကောင်းသောဂတိသို့မရောက်နိုင်ကုန်၊ ကောင်းရာဂတိသို့ရောက်ရာသောအခြင်းအရာအားလျော်စွာ သင်သည်သာပြုရအံ့၊(စာ၃၆၂) (၄+၆=၁၀မှတ်)

မေး။ ၈။ အာဝါသိကဝတ်ကိုပညတ်တော်မူရခြင်းအကြောင်းရင်းကိုဖြေဆို၍၊ အနုမောဒနာဝတ်လာ ခွင့်ပြုချက်များကိုလည်းပြဆိုပါ။

ဖြေ။၈။ အာဝါသိကရဟန်းတို့သည် အာဂန္တုရဟန်းတို့ကိုမြင်လျက် နေရာကို မခင်းကုန် ခြေဆေးရေ ခြေဆေးအင်းပျဉ် ခြေပွတ်အိုးခြမ်းတို့ကို အနီး၌မထားကုန် ခရီးဦးကြို၍ သပိတ်သင်္ကန်းကို လှမ်းမယူကုန် သောက်ရေဖြင့် မမေးကုန်၊ အာဂန္တုသီတင်းကြီးရဟန်းတို့ကိုလည်း ရှိမခိုးကုန် ကျောင်းအိပ်ယာနေရာကို မခင်းကုန်သောကြောင့် မြတ်စွာဘုရားသိရှိတော်မူပြီး အာဝါသိကဝတ်ကိုပညတ်တော်မူပါသည်။(စာ-၃၈၂)

ရဟန်းတို့ဆွမ်းစားစရပ်၌ အနုမောဒနာပြုခြင်းငှာ ခွင့်ပြု၏၊ ရဟန်းတို့ မထေရ်ကြီးရဟန်းကို ဆွမ်းစားစရပ်၌ အနုမောဒနာပြုခြင်းငှာ ခွင့်ပြု၏၊ ရဟန်းတို့ ဆွမ်းစားစရပ်၌ မထေရ်ကြီး မထေရ်ငယ် ရဟန်းလေးပါးငါးပါးတို့ကို ဆိုင်းငံ့စိမ့်သောငှာ ခွင့်ပြု၏၊ ရဟန်းတို့ပြုဖွယ်ကိစ္စရှိလတ်သော် အနီး၌ရှိသော ရဟန်းကိုပန်ကြား၍ သွားခွင့်ပြု၏။(စာ-၃၈၅) (၅+၅=၁၀မှတ်)

မေး။ ၉။ စောဒကပုဂ္ဂိုလ်သည် မိမိသန္တာန်၌ ဖြစ်စေရမည့် သဘောတရားငါးပါးကိုဖြေဆို၍၊ ဘိက္ခုနီမများအတွက် ရေးချိုးရာ၌ တားမြစ်ချက်များကိုလည်းဖြေဆိုပါ။

ဖြေ။၉။ သင့်လျော်သောအခါ၌ ပြောဆိုအံ့၊ မသင့်လျော်သောအခါ၌ မပြောဆိုအံ့၊ မှန်သောစကားဖြင့် ပြောဆိုအံ့၊ မမှန်သောစကားဖြင့် မပြောဆိုအံ့၊ သိမ်မွေ့သောစကားဖြင့် ပြောဆိုအံ့၊ ကြမ်းတမ်းသောစကားဖြင့် မပြောဆိုအံ့၊ အကျိုးနှင့်စပ်သောစကားဖြင့်ပြောဆိုအံ့၊ အကျိုးနှင့်မစပ်သောစကားဖြင့် မပြောဆိုအံ့၊ မေတ္တာစိတ်ထားလျက်ပြောဆိုအံ့၊ ဒေါသစိတ်ထားလျက် မပြောဆိုအံ့။(စာ-၄၃၈)
တားမြစ်ချက် ဘိက္ခုနီမသည် ကာသယ်မှုန့်ဖြင့် နံ့သာလုံးသောမြေညက်ဖြင့်ရေမချိုးအပ်၊ ဇရုံးအိမ်၌ ရေမချိုးအပ်၊ ရေစီး၏ မျက်နှာခြင်းဆိုင်၌ ရေမချိုးအပ်၊ ရေဆိပ်မဟုတ်ရာ၌ ယောကျ်ားချိုးရာရေဆိပ်၌ ရေမချိုးအပ်။(စာ-၄၇၆) (၅+၅=၁၀မှတ်)

မေး။ ၁၀။ ဥတေနမင်းအား မိန့်တော်မူသော အရှင်အာနန္ဒာ၏ သင်္ကန်းသုံးစွဲနည်းကို အစဉ်တကျ ဖော်ပြ၍၊ ဥဗ္ဗာဟိက ကမ္မဝါစာဖြင့် ရွေးကောက်ခံရသော ပါဝါပြည်သား ရဟန်းများကိုလည်း ဖြေဆိုပါ။

ဖြေ။၁၀။ အားနည်းသောသင်္ကန်းရှိသောရဟန်းတို့နှင့်အတူတကွခွဲဝေ သုံးစွဲအံ့။ ထိုသင်္ကန်းဟောင်းတို့ကို အပေါ်အခင်းပြုကုန်အံ့၊ အခင်းဟောင်းတို့ကို ဘုံလျှိုစွပ်ပြုလုပ်ကုန်အံ့၊ ဘုံလျှိုစွပ်အဟောင်းတို့ကို မြေအခင်းပြုလုပ်ကုန်အံ့၊ မြေအခင်းအဟောင်းတို့ကို ခြေသုတ်ကြိုးဝန်းပြုလုပ်ကုန်အံ့၊ ခြေသုတ်ကြိုးဝန်း အဟောင်းတို့ကိုဖုံသုတ်ဖုံခါပြုလုပ်ကုန်အံ့၊ ဖုန်သုတ် ဖုန်ခါအဟောင်းတို့ကို နုပ်နုပ်စဉ်းထောင်း၍ ညွန်ဖြင့် နယ်ပြီးလျှင် အကျည်ကို လိမ်းကျံကုန်အံ့။(စာ-၄၉၁)

ပါဝါပြည်သား ရဟန်းများ= အသျှင်ရေဝတ၊ သာဏအရပ်၌နေသော အသျှင်သမ္ဘူတ၊ ကာကဏ္ဍကပုတ္တား၏ သား အသျှင်ယသ၊ အသျှင်သုမန၊ (စာ-၅၁၀) (၆+၄=၁၀-မှတ်)

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၁) ဝိနယပိဋက

## စူဠဝါပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ - ရက်၊ (၂၃ - ၆ - ၂၀၂၂) ကြာသပတေးနေ့

ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ ပဗ္ဗာဇနီယကံကို မငြိမ်းစေအပ်သော အကြောင်း (၁၈)ပါးတို့တွင် ရှေ့ဆုံး (၅)ပါးကို အစဉ်တကျ ရေးပြ၍၊ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌ အဘယ်အမည်ရှိသော ရဟန်းအား အဘယ်ကဲ့သို ယုတ်မာသော အယူဖြစ်ပါသနည်း? ဖြေဆိုခဲ့ပါ။

၂။ အခါမဲ့၌ လာသောရဟန်းတို့က အရှင်ဒဗ္ဗကို တမင်သက်သက် အဝေး၌ ညွှန်းဆိုကြရာဝယ် အဝေး အရပ် ညွှန်ကြားပုံတို့ကို အစဉ်တကျ ဖြေဆို၍၊ ရဟန်းများ မှန်ကြည့်နိုင်ခြင်း၏ အကြောင်းကို ဖြေဆိုပါ။

၃။ ဒန်ပူမစားခြင်း အပြစ် (၅)မျိုးတို့ကို အစဉ်တကျ ရေးပြ၍၊ မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူအပ် / ခွင့်ပြုတော်မမူအပ်သော သံကြေးဘဏ္ဍာ, သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၄။ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်သူဌေးအား ဟောကြားတော်မူအပ်သော ကျောင်းအနုမောဒနာတရားတို့ကို ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၅။ အနာထပိဏ်သူဌေးသည် မြို့မှ ထွက်စဉ် ကြောက်ခြင်းဖြစ်သဖြင့် ထိုနေရာမှ နောက်သို့ ပြန်လိုသော အခါဝယ် သီဝကနတ်က ကွယ်ပျောက်လျက် အသံကို ကြားသိစေပုံကို ပြည့်စုံစွာ ရေးပြပါ။

၆။ မခွဲဝေထိုက်သော စတုတ္ထဘဏ္ဍာအစုတို့ကို အစဉ်တကျ ဖြေဆို၍၊ တမန်အဖြစ်ဖြင့် သွားခြင်းငှါ ထိုက်သောရဟန်း၏ အင်္ဂါ (၈) ပါးတို့ကိုလည်း ပြည့်စုံစွာ ရေးပြပါ။

၇။ အာဂန္တုကရဟန်းတို့ ခြေဆေးရာ၌ ပြုရမည့် ကျင့်ဝတ်တို့ကို ရေးပြ၍၊ ဆွမ်းခံသော ရဟန်းသည် "ဆွမ်းကို လှူလိုသလော/မလှူလိုသလော" ဟု ရပ်လျက် မှတ်သားရာ၌ အဘယ်အခြင်းအရာတို့ကို တွေ့သော် "လှူလိုရာ၏" ဟု နှလုံးသွင်း၍ ရပ်ရမည်ကိုလည်း ဖြေဆိုခဲ့ပါ။

၈။ မဟာသမုဒ္ဒရာ၏ ရှစ်ခုမြောက် အံ့ဖွယ်ကို ဖြေဆို၍၊ စောဒကပုဂ္ဂိုလ် မိမိသန္တာန်၌ ဖြစ်စေရမည့် သဘောတရား ၅-ပါးတို့ကိုလည်း အစဉ်တကျ ရေးပြပါ။

၉။ ဥပါသိကာမသည် စုတေခါနီးသော် "အကျွန်ုပ် ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခရာသည် သံဃာအား ဖြစ်ပါစေ"ဟု ပြောမူ အဘယ်ကဲ့သို့ ဝေဘန်ရမည်ကို ရှင်းပြ၍၊ ပဋိလောင်းမအား အန္တရာယ်ပြုတတ်သော အကြောင်း (၂၄) မျိုးတို့တွင် ရှေ့ဆုံး (၅)ခုတို့ကို မေးပုံနှင့်တကွ ရေးပြပါ။

၁၀။ ရဟန်းတို့၏ အညစ်အကြေး (၄)ပါးတို့ကို သိသာရုံ လိုရင်းမျှ ရေးပြ၍၊ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့ အရှင်ယသအား ဥက္ခေပနီယကံ ပြုလို၍ စည်းဝေးသောအခါ အရှင်ယသက မည်သို့ ပြုလုပ်သည်ကိုလည်း ဖြေဆိုခဲ့ပါ။

**တစ်ပုဒ်လျှင် (၁၀)မှတ်စီ**

## ၁၃၈၄၊ ၂၀၂၂ ခုနှစ်
## ပိဋကသုံးပုံပါဠိတော် မြန်မာပြန် စာမေးပွဲ
## အုပ်စု(၁) ဝိနယပါဠိတော် မေးခွန်း နှင့် အဖြေ

---

၁။ ပဗ္ဗာဇနီယကံကို မငြိမ်းစေအပ်သော အကြောင်း (၁၈)ပါးတို့တွင် ရှေ့ဆုံး (၅)ပါးကို အစဉ်တကျ ရေးပြ၍၊ ယုတ်မာသော အယူကို မစွန့်ခြင်းကြောင့် ပြုအပ်သော ဥက္ခေပနီယကံ၌ အဘယ်အမည်ရှိသော ရဟန်းအား အဘယ်ကဲ့သို့ ယုတ်မာသော အယူဖြစ်ပါသနည်း? ဖြေဆိုခဲ့ပါ။

၁-အဖြေ

**ပဗ္ဗာဇနီယကံကို မငြိမ်းစေအပ်သော အကြောင်း (၁၈)ပါးတို့တွင် ရှေ့ဆုံး (၅)ပါး**

(ဥပဇ္ဈာယ် ဆရာပြုလုပ်၍) ပဉ္စင်းခံပေး၏၊ နိဿယရည်းပေး၏၊ သာမဏေကို လုပ်ကျွေးပြုစုစေ၏၊ ရဟန်းမိန်းမတို့အား ဆုံးမရန် သမုတ်ခြင်းကို သာယာနှစ်သက်၏ (လက်ခံ၏)၊ သမ္မုတိရ၍လည်း ရဟန်းမိန်းမတို့ကို ဆုံးမ၏။

**(၅)မှတ်** (စာပိုဒ်၊ ၃၀)

လင်းတသတ်အမျိုး၌ ဖြစ်ဖူးသော အရိဋ္ဌအမည် ရှိသော ရဟန်းအား- **(၂) မှတ်။**

''(ဈာန်မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုတတ်ကုန်၏ဟု မြတ်စွာဘုရား ဟောထားသော တရားတို့ကို ဟောထားတော်မူသည့်အတိုင်း ငါသိ၏၊ ထိုတရားတို့သည် မှီဝဲသောသူအား (ဈာန် မဂ်ဖိုလ်၏) အန္တရာယ်ကို ပြုခြင်းငှာ မစွမ်းနိုင်''ဟု ယုတ်မာသော မိစ္ဆာအယူသည် ဖြစ်၏။ **(၃) မှတ်။** (စာပိုဒ်၊ ၆၅)

---

၂။ အခါမဲ့၌ လာသောရဟန်းတို့က အရှင်ဒဗ္ဗကို တမင်သက်သက် အဝေး၌ ညွှန်းဆိုကြရာဝယ် အဝေးအရပ်ညွှန်ကြားပုံတို့ကို အစဉ်တကျ ဖြေဆို၍၊ ရဟန်းများ မှန် ကြည့်သင့်/ မကြည့်သင့် အကြောင်းပြကာ ဆုံးဖြတ်ပါ။

၂-အဖြေ

**အဝေးအရပ်ညွှန်းဆိုပုံ-**

'ငါ့သျှင်ဒဗ္ဗ ငါတို့အား ဂိဇ္ဈကုဋ်တောင်၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား ခိုးသူပစ်ချရာ 'စောရပပါတ' ချောက်၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား ဣသိဂိလိ တောင်နံပါး ကျောက်နက် (ဂူ) ၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား ဝေဘာရတောင်နံပါး စရည်းပင် (ဂူ) ၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား ယင်းတိုက်တော သပ္ပသောဏ္ဍိက ချိုင့်ဝှမ်း၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား ဂေါတမကချောက်၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား တည်ပင်ရောက်သော ချောက်၌ အိပ်ရာ နေရာကို ခင်းပေးလော့၊

ငါ့သျှင့် ငါတို့အား ကပေါတချောက်၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား တပေါဒါအရံ၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား ဇီဝက၏ သရက်ဥယျာဉ်၌ အိပ်ရာနေရာကို ခင်းပေးလော့၊

ငါ့သျှင် ငါတို့အား မဒ္ဒကုစ္ဆိတော၌ အိပ်ရာနေရာကို ခင်းပေးလော့''ဟု (အဝေး၌ ညွှန်းကုန်၏)။

**(၇) မှတ်။** (စာပိုဒ်၊ ၁၈၉)

**မှန်ကြည့်နိုင်ခြင်း၏ အကြောင်း-**

အနာဟူသော အကြောင်းကြောင့် ရဟန်းများ မှန် ကြည့်နိုင်ပါသည်။ (၃) မှတ်။ (စာပိုဒ်၊ ၂၄၇)

---

၃။ ဒန်ပူမစားခြင်း အပြစ် (၅)မျိုးတို့ကို အစဉ်တကျ ရေးပြ၍ မြတ်စွာဘုရားရှင် ခွင့်ပြုတော်မူအပ် / ခွင့်ပြုတော်မမူအပ်သော သံကြေးဘဏ္ဍာ, သစ်ဘဏ္ဍာ, မြေဘဏ္ဍာတို့ကိုလည်း ဖြေဆိုခဲ့ပါ။

၃-အဖြေ

ရဟန်းတို့ ဒန်ပူကို မခဲမစားရာ၌ အပြစ်တို့သည် ဤငါးမျိုးတို့တည်း-

မျက်စိ မကြည်လင်၊ ခံတွင်း အနံ့မကောင်း၊ အရသာကြောတို့ မစင်ကြယ်ကုန်၊

သည်းခြေ သလိပ်တို့က ထမင်းကို မြေးယှက်ကုန်၏၊ ထိုသူသည် ထမင်း မမြိန်။ **(၅)မှတ်။** (စာပိုဒ်၊ ၂၈၂)

**ခွင့်ပြုတော်မူအပ် / ခွင့်ပြုတော်မမူအပ်သော သံကြေးဘဏ္ဍာ, သစ်ဘဏ္ဍာ, မြေဘဏ္ဍာ**

''ရဟန်းတို့ လက်နက်ကို ချန်ထား၍ သံကြေးဘဏ္ဍာအလုံးစုံကိုလည်းကောင်း၊

အခြေရှည်သော ညောင်စောင်း၊ အခြေ၌ သားရဲရုပ်တပ်သော ပလ္လင်၊ သစ်သားသပိတ်၊ သစ်သားခြေနင်းကို ချန်ထား၍ သစ်ဘဏ္ဍာအလုံးစုံကိုလည်းကောင်း၊

ကြာချပ်သဏ္ဍာန် ဆူးထနေသော ခြေပွတ်ကိုလည်းကောင်း, မြေကုဋီကိုလည်းကောင်း ချန်ထား၍ မြေဘဏ္ဍာအလုံးစုံကိုလည်းကောင်း ခွင့်ပြု၏''ဟု (မိန့်တော်မူ၏)။ **(၅) မှတ်။** (စာပိုဒ်၊ ၂၉၃)

---

၄။ မြတ်စွာဘုရားရှင် ရာဇဂြိုဟ်သူဌေးအား ဟောကြားတော်မူအပ်သော ကျောင်းအနုမောဒနာတရားတို့ကို ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

၄-အဖြေ

(ကျောင်းသည်) အအေးကိုလည်းကောင်း၊ အပူကိုလည်းကောင်း၊ ထိုမှတစ်ပါး သားရဲတို့ကိုလည်းကောင်း၊ မြွေကင်းသန်းတို့ကိုလည်းကောင်း၊ ခြင်တို့ကိုလည်းကောင်း၊ လေအေးတို့ကိုလည်းကောင်း၊ မိုးပေါက်တို့ကိုလည်းကောင်း ပယ်ဖျောက်နိုင်၏။ **(၂) မှတ်။**

ထို့ပြင် ဖြစ်လာသော ပြင်းသောလေ ပြင်းသော အပူကိုလည်း ပယ်ဖျောက်နိုင်၏။ ကိန်းအောင်းခြင်းငှါလည်းကောင်း၊ ချမ်းသာခြင်းငှါလည်းကောင်း၊ စျာန်ဝင်စားခြင်းငှါလည်းကောင်း၊ ဝိပဿနာရှုခြင်းငှါလည်းကောင်း သံဃာအား ကျောင်းလှူရခြင်းကို မြတ်၏ဟု မြတ်စွာဘုရား ချီးမွမ်းတော်မူ၏။ **(၂) မှတ်။**

ထို့ကြောင့် မိမိ၏အကျိုးကို မြင်သော ပညာရှိသူသည် မွေ့လျော်ဖွယ် ကျောင်းတို့ကို ဆောက်လုပ်စေရာ၏၊ ဤကျောင်းတို့၌ အကြားအမြင်များသော ရဟန်းတို့ကို နေစေရာ၏၊ ထို ဖြောင့်မတ်သော ရဟန်းတို့အား လျော်သော စားဖွယ်ကိုလည်းကောင်း၊ သောက်ဖွယ်ကိုလည်းကောင်း၊ သင်္ကန်း အိပ်ရာ နေရာတို့ကိုလည်းကောင်း ကြည်ညိုသော စိတ်ဖြင့် လှူရာ၏။ **(၃) မှတ်။**

ထိုရဟန်းတို့သည် ထိုကျောင်းဒါယကာအား ဆင်းရဲအလုံးစုံကို ပယ်ဖျောက်တတ်သော တရားကို ဟောကုန်၏၊ ဤသာသနာတော်၌ ထိုကျောင်းဒါယကာသည် ထိုတရားကို သိ၍ အာသဝေါ တရားမရှိဘဲ ငြိမ်းအေးရလေ၏''ဟု (အနုမောဒနာပြုတော်မူ၏)။ **(၃) မှတ်။** (စာပိုဒ်၊ ၂၉၅)

---

၅။ အနာထပိဏ်သူဌေးသည် မြို့မှ ထွက်စဉ် ကြောက်ခြင်းဖြစ်သဖြင့် ထိုနေရာမှ နောက်သို့ ပြန်လိုသောအခါဝယ် သိဝကနတ်က ကွယ်ပျောက်လျက် အသံကို ကြားသိစေပုံကို ပြည့်စုံစွာ ရေးပြပါ။

၅-အဖြေ

''ဆင်အသိန်းသည်လည်းကောင်း၊ မြင်းအသိန်းသည်လည်းကောင်း၊ အဿတိုရ်မြင်း ကသော ရထားအသိန်းသည်လည်းကောင်း၊ ပတ္တမြားနားတောင်းပန်ဆင်ထားသော သတိုသမီးအသိန်းသည်လည်းကောင်း (ဘုရားဖူးရန်သွားသော) ခြေတစ်လှမ်း၏ (အကျိုးကို) တစ်ဆယ့်ခြောက်ပုံ ပုံ၍ တစ်ပုံကိုမျှ မထိုက်တန်ကုန်။

သူဌေး ရှေးသို့ တက်ပါလော့၊ သူဌေး ရှေ့သို့ တက်ပါလော့၊ အသင့်အား ရှေ့သို့ တက်ခြင်းသည် မြတ်၏၊ နောက်သို့ ဆုတ်ခြင်းသည် မမြတ်ပါ''ဟု အသံကို ကြားစေ၏။ (၁၀) မှတ်။ (စာပိုဒ်၊ ၃၀၅)

---

၆။ မခွဲဝေထိုက်သော စတုတ္ထဘဏ္ဍာအစုတို့ကို အစဉ်တကျ ဖြေဆို၍၊ တမန်အဖြစ်ဖြင့် သွားခြင်းငှါ ထိုက်သော ရဟန်း၏ အင်္ဂါ (၈) ပါးတို့ကိုလည်း ပြည့်စုံစွာ ရေးပြပါ။

၆-အဖြေ

**မခွဲဝေထိုက်သော စတုတ္ထဘဏ္ဍာအစု**

ကြေးအိုးကြီး ကြေးအိုး စရည်း ကြေးအင်တွဲ ကြေးဖျဉ်း ပဲခွပ် ပုဆိန် ဓားမ ပေါက်တူး ဆောက်' ဤကား မခွဲဝေထိုက်သော စတုတ္ထဘဏ္ဍာအစုတည်း။ **(၅)မှတ်။** (စာပိုဒ်၊ ၃၂၂)

ရဟန်းတို့! ဤသာသနာတော်၌ ရဟန်းသည် နားလည်း ထောင်တတ်၏၊ ပြန်လည်း ပြောတတ်၏၊ သင်ယူလည်း သင်ယူတတ်၏၊ ဆောင်လည်း ဆောင်တတ်၏၊ သိလည်း သိတတ်၏၊ သိစေလည်း သိစေတတ်၏၊ အကျိုးစီးပွား ရှိ, မရှိ၌လည်း လိမ္မာ၏၊ ငြင်းခုံခြင်းကိုလည်း မပြုတတ်။ ရဟန်းတို့! ဤအင်္ဂါ ရှစ်ပါးနှင့် ပြည့်စုံသော ရဟန်းသည် တမန်အဖြစ် သွားခြင်းငှါ ထိုက်တန်၏။ **(၅) မှတ်။** (စာပိုဒ်၊ ၃၄၇)

---

၇။ အာဂန္တုကရဟန်းတို့ ခြေဆေးရာ၌ ပြုရမည့် ကျင့်ဝတ်တို့ကို ရေးပြ၍၊ ဆွမ်းခံသော ရဟန်းသည် "ဆွမ်းကို လှူလိုသလော/မလှူလိုသလော" ဟု ရပ်လျက် မှတ်သားရာ၌ အဘယ်အခြင်းအရာတို့ကို တွေ့သော် "လှူလိုရာ၏" ဟု နှလုံးသွင်း၍ ရပ်ရမည်ကိုလည်း ဖြေဆိုခဲ့ပါ။

၇-အဖြေ

**ပြုရမည့် ကျင့်ဝတ်**

ခြေဆေးသော ရဟန်းသည် လက်တစ်ဖက်ဖြင့် ရေလောင်းရမည်၊ လက်တစ်ဖက်ဖြင့် ခြေဆေးရမည်၊ ထိုလက်ဖြင့်ပင် ရေကို မလောင်းအပ်၊ ထိုလက်ဖြင့်ပင် ခြေတိုကို မဆေးအပ်။ (၅) မှတ်။ (စာပိုဒ်၊ ၃၅၆)

အလုပ်ကို ချသော်လည်းကောင်း၊ နေရာမှထသော်လည်းကောင်း၊ ယောက်မကို သုံးသပ်သော်လည်းကောင်း၊ အိုးခွက်ကို သုံးသပ်သော်လည်းကောင်း၊ ရပ်စေသော်လည်းကောင်း ''လှူလိုရာ၏''ဟု (နှလုံးပြု၍) ရပ်ရမည်။

(၅) မှတ်။ (စာပိုဒ်၊ ၃၆၆)

---

၈။ မဟာသမုဒ္ဒရာ၏ ရှစ်ခုမြောက် အံ့ဖွယ်ကို ဖြေဆို၍၊ စောဒကပုဂ္ဂိုလ် မိမိသန္တာန်၌ ဖြစ်စေရမည့် သဘောတရား ငါးပါးတို့ကိုလည်း အစဉ်တကျ ရေးပြပါ။

၈-အဖြေ

ရဟန်းတို့! တစ်ဖန် ထို့ပြင်လည်း မဟာသမုဒ္ဒရာသည် တိမိ မည်သောငါး, တိမိင်္ဂလ မည်သောငါး, တိမိတိမိင်္ဂလ မည်သောငါး, အသူရာ, နဂါး, ဂန္ဓဗ္ဗနတ်ဟူသော သတ္တဝါကြီးတို့၏လည်းကောင်း၊ ယူဇနာတစ်ရာ ယူဇနာနှစ်ရာ ယူဇနာ သုံးရာ ယူဇနာလေးရာ ယူဇနာငါးရာတိုင်အောင် အတ္တဘောကြီးမားသော သတ္တဝါတို့၏လည်းကောင်း နေရာဖြစ်၏။ ရဟန်းတို့! ယင်းသို့ တိမိမည်သောငါး, တိမိင်္ဂလမည်သောငါး, တိမိတိမိင်္ဂလမည်သောငါး, အသူရာ နဂါး ဂန္ဓဗ္ဗနတ်ဟူသော သတ္တဝါကြီးတို့၏လည်းကောင်း၊ ယူဇနာ တစ်ရာ။ပ။ ယူဇနာငါးရာတိုင်အောင် အတ္တဘော ကြီးမားသော သတ္တဝါတို့၏ လည်းကောင်း နေရာဖြစ်ခြင်းသည် မဟာသမုဒ္ဒရာ၌ မဖြစ်ဖူးမြဲဖြစ်သော အဋ္ဌမအံ့ဖွယ် သဘောပေတည်း။

(၅) မှတ်။ (စာပိုဒ်၊ ၃၈၄)

**စောဒကပုဂ္ဂိုလ် မိမိသန္တာန်၌ ဖြစ်စေရမည့် သဘောတရားငါးပါး**

သင့်လျော်သော အခါ၌ ပြောဆိုအံ့၊ မသင့်လျော်သော အခါ၌ မပြောဆိုအံ့၊
မှန်သော စကားဖြင့် ပြောဆိုအံ့၊ မမှန်သော စကားဖြင့် မပြောဆိုအံ့၊
သိမ်မွေ့သော စကားဖြင့် ပြောဆိုအံ့၊ ကြမ်းတမ်းသော စကားဖြင့် မပြောဆိုအံ့၊
အကျိုးနှင့် စပ်သော စကားဖြင့် ပြောဆိုအံ့၊ အကျိုးနှင့် မစပ်သော စကားဖြင့် မပြောဆိုအံ့၊
မေတ္တာ စိတ်ထားလျက် ပြောဆိုအံ့၊ ဒေါသစိတ်ထားလျက် မပြောဆိုအံ့''ဟု စောဒနာရမည်။

(၅) မှတ်။ (စာပိုဒ်၊ ၄၀၀)

---

၉။ ဥပါသိကာမသည် စုတေခါနီးသော် “အကျွန်ုပ် ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခရာသည် သံဃာအားဖြစ်ပါစေ” ဟု ပြောမှု အဘယ်ကဲ့သို့ ဝေဘန်ရမည်ကို ရှင်းပြ၍၊ ပဥ္စင်းလောင်းမအား အန္တရာယ်ပြုတတ်သော အကြောင်း (၂၄) မျိုးတို့တွင် ရှေ့ဆုံး (၅)ခုတိုကို မေးပုံနှင့်တကွ ရေးပြပါ။

၉-အဖြေ

ရဟန်းတို့! ဥပါသိကာမသည် စုတေခါနီးသော် ''အကျွန်ုပ်ကွယ်လွန်သော် အကျွန်ုပ်၏ ပရိက္ခရာသည် သံဃာအား ဖြစ်ပါစေ''ဟုပြောမှု ထိုသို့ပြောရာ၌ ဘိက္ခုနီသံဃာသည် အစိုးမရ၊ ထိုဝတ္ထုဘဏ္ဍာသည် ဘိက္ခုသံဃာအားသာလျှင် ဖြစ်၏။

(၅) မှတ်။ (စာပိုဒ်၊ ၄၁၉)

ရဟန်းတို့! ပဥ္စင်းလောင်းမအား အန္တရာယ်ပြုတတ်သော အကြောင်းနှစ်ဆယ့်လေးမျိုးတိုကို မေးခြင်းငှါ ခွင့်ပြု၏။ ရဟန်းတို့! ဤသို့ မေးအပ်၏။

''သင်သည် အင်္ဂါဇာတ်မပါသူ မဟုတ်သလော၊ အင်္ဂါဇာတ်ရာမျှပါသူ မဟုတ်သလော၊
ဥတုမလာသူ မဟုတ်သလော၊ အမြဲဥတုလာသူ မဟုတ်သလော၊ အမြဲအဝတ်ပိတ်ဆို့ရသူ မဟုတ်သလော၊

(၅) မှတ်။ (စာပိုဒ်၊ ၄၂၃)

---

၁၀။ ရဟန်းတို့၏ အညစ်အကြေး (၄)ပါးတို့ကို သီသာရုံ လိုရင်းမျှ ရေးပြ၍၊ ဝေသာလီပြည်နေ ဝဇ္ဇီတိုင်းသား ရဟန်းတို့ အရှင်ယသအား ဥက္ကေပနီယကံ ပြုလို၍ စည်းဝေးသောအခါ အရှင်ယသ မည်သို့ ပြုလုပ်သည်ကိုလည်း ဖြေဆိုခဲ့ ပါ။

၁၀-အဖြေ

အညစ်အကြေး (၄)ပါး

၁။ သေရည် အရက်ကို သောက်ကုန်၏။

၂။ မေထုန်အကျင့်ကို မှီဝဲကုန်၏။

၃။ ရွှေငွေကို သာယာကုန်၏။

၄။ မှားသော အသက်မွေးမှုဖြင့် အသက်မွေးကုန်၏။ (၅) မှတ်။ (စာပိုဒ်၊ ၄၄၇)

**ဥက္ကေပနီယကံ ပြုလို၍ စည်းဝေးသောအခါ အရှင်ယသ ပြုလုပ်ပုံ-**

ထိုအခါ ကာကဏ္ဍကပုဏ္ဏားရဲ့သား အရှင်ယသသည် ကောင်းကင်သို့ ပြန်တက်၍ ကောသမ္ဗီပြည်၌ တည်၏။

(၅) မှတ်။ (စာပိုဒ်၊ ၄၄၉)

---

**စူဠဝါပါဠိတော် မြန်မာပြန် အဖြေများ**
**ပြီးပြီ။**

အရှင် သီလဝံသာလင်္ကာရ added a new photo to the album 📚 🌹ကဗျာမှတ်စု🌹📗.

3 h · 🌎

"မိုးဟာ--
တရားသောသူအပေါ်
ရွာသွန်းပေးတယ်။

မတရားသူအပေါ်သို့လည်း
ရွာသွန်းပေးတယ်။

ဒါပေမယ့်
တရားသောသူအပေါ်သို့
ထူးထူးကဲကဲ ရွာသွန်းပေးတယ်။

အကြောင်းကတော့
မတရားသူဟာ တရားတဲ့သူရဲ့
ထီးကို ခိုးယူထားလို့ပဲ ဖြစ်ပါတယ်။

✍️လော့ဒ်စ်ဘိုင်ရွန်✍️

🌠🌠အညတရ ဘုန်းသီလ🌠🌠